
ဝန်ဇင်း
Read on the move
လမ်းဆုံဘူတာ
နှင့် မဂ္ဂဇင်းဝတ္ထုတိုများ
ရဲသျှမ်း

# အခန်း (၁)

မြန်မာပြည်မြေပုံရဲ့ ပြည်နယ်နှင့် တိုင်းအလိုက် တည်ရှိရာ နေရာတွေ မှာ မိုလ်ချုပ်ပုံတွေ က အရောင် စုံ နေရာယူတော့မည် ။ (၁) ကျပ်တန်က အညိုရောင် ၊ (၅) ကျပ်တန်က အစိမ်းရောင် ၊ (၁၀) တန်က အနီရောင် ၊ (၁၅) ကျပ်တန်က အပြာရောင် ၊ ငွေစက္ကူကို ထောင့်ချွန်း၊ တြိဂံ၊ အနားပြိုင်စတုဂံအမျိုး မျိုး ချိုး ကပ်ထားတာမို့ ပြည်နယ်နှင့် တိုင်းတွေ ကို ထင်ထင်ရှားရှား ကွဲပြားစွာ မြင်ရမှာ ပဲ ဖြစ်သည်။

ချပ်စက္ကူအကြီးကြီးမှာ မြန်မာပြည်မြေပုံကို Out Line ချပေးပြီး ငွေစက္ကူတွေ ကို မိုလ်ချုပ်ပုံ ထင်ထင်လင်းလင်း ပေါ်အောင် နမူနာချိုး ပြတော့ တပည့်လေးတွေ က ဉာဏ်ရည်ထက်မြက်သူ တွေ မို့ တစ်ခဏချင်းမှာ ပဲ လုပ်တတ်ကိုင်တတ်သွားသည်။ မြို့ လုံးကျွတ် ကထိန်ပွဲအတွက် ဌာန အလိုက် ပဒေသာပင် အပြိုင်အဆိုင်သီးရာမှာ ကျွန်တော် က သမားရိုးကျ ပစ္စည်းတွေ ချိတ်ဆွဲ တာမျိုး မလုပ်တော့ဘဲ ဝတ္ထုငွေသားများ နဲ့ ဒီဇိုင်းဆင် စိတ်ဝင်စားအောင် စီစဉ်လိုက်တာပဲ ဖြစ်သည်။

ကျွန်တော် တို့ ဝန်ထမ်းတွေ လစာထုတ်တိုင်း တစ်ဆယ်စု၊ နှစ် ဆယ်စုဖြင့် တစ်နှစ် တာ အတွင် း စုဆောင်းရရှိသော ငွေစ၊ ကြေးစလေးတွေ ကို ဘဏ်မှာ အကူအညီတောင်းပြီး ရာစည်း ကျပ်ချွတ်တွေ လဲလှယ်ကာ ပဒေသာပင်ကို အလှဆင်ဆွဲဆောင်မှု ကောင်းအောင် ကြံစည်တာပဲ ဖြစ်သည်။ နောက်တစ်နေ့ လပြည့်နေ့မှာ ရုံးဌာနတွေ အားလုံးစုပေါင်းပြီး မြို့ လုံးကျွတ် ပဒေသာပင် လှည့်သည့်အခါ ကျွန်တော် တို့ ရထားဌာနရဲ့ အချက်ပြမျှော်စင်နှင့် ယာဒ်ဝင်းဝန်ထမ်းများ ၏ ပဒေသာပင်က ငွေတန်ဖိုးမြင့်မားသော် လည်း မိုလ်ချုပ်ပုံနှင့် ဒီဇိုင်းဖော်ထားသော မြန်မာပြည် မြေပုံကြောင့် ထူးခြားဆန်းကြယ် စိတ်ဝင်စားဖွယ် ကောင်းနေလိမ့်မည် ထင်သည်။

“စိန်ဝင်းထွန်း ... မင်း ကချင်ပြည်နယ်ကို (၁) ကျပ်တန်တွေ ကပ်ပြီး ကပ်ရက် စစ်ကိုင်း တိုင်းကို (၅) ကျပ်တန်ကပ်မှ အရောင် ကွဲပြီး ထင်သာမြင်သာ ဖြစ်မှာ ပေါ့၊ (၁၀) ကျပ်တန် ကပ်ရင် အညိုနဲ့ အစိမ်း ရောနေမယ်လေ”

ကျွန်တော် က တယ်လီဖုန်းခုံရှေ့ ကုလားထိုင်လေးပေါ်ကနေ ကြမ်းခင်းပေါ် မြေပုံကားချပ် ဖြန့်လျက် ငွေစက္ကူခေါက်လေးများ ကို ကော်ပါးပါးသုတ်ပြီး ကပ်နေသော တပည့်လေးကို အရောင် အစပ်အဟပ်အတွက် သတိပေးလိုက်ခြင်းပဲ ဖြစ်သည်။

"ဟုတ်တယ်နော် ဆရာ၊ ကျွန်တော် လောသွားတယ်။ ဇော်လင်း ... မင်းကလည်း သတိ မပေးဘူး"

စိန်ဝင်းထွန်းက ငွေစက္ကူများ ကို ခေါက်နေသော သူနှင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဇော်လင်းဘက် လှည့်ပြီး အပြစ်တင်သည့် အမူအရာမပါဘဲ ပြောသည်။

"ငါလည်း ဆရာပြတဲ့အတိုင်း ပိုက်ဆံခေါက်နေတော့ မင်းလုပ်တာ သတိမထားမိတော့၊ မင်းကိုက အမြင်မရှိတာ။ ငါ ထင်တယ်ကွ၊ တို့အိုင်ဒီယာသိပ်ကောင်းတော့ မနက်ဖြန် ပဒေသာပင် တွေ အားလုံးထဲမှာ ငါတို့ပဒေသာပင်က အထူးခြားဆုံးနဲ့ အကောင်းဆုံး ဖြစ်မှာ ပဲ"

ဇော်လင်းက ထိုင်ရာက ထ၊ ခါးအကြောဆန့်လျက် စိန်ဝင်းထွန်းလက်ရာကို စီးမိုးကြည့် သည်။

"အနားသတ်တွေ ကို ရောင် စုံမီးလေးတွေ ချိတ်ပြီး ညအချိန် ပြထားရင်တော့ တအား သားနားမှာ နော် ဆရာ"

ဇော်လင်းပြောတော့မှ ကျွန်တော် ဒါကို ဘာလို့ မေ့သွားတာလဲဟု သတိရသည်။

"ဟာ ဟုတ်ကောင် ... ငါ မေ့သွားတာ။ မီးကြိုး လေးတွေ နေ့လယ်ကဝယ်ထားပြီးသား၊ စာအုပ်ထည့်တဲ့ဗီရိုထဲမှာ ရှိတယ်။ တို့ဒီတစ်ည ကော်ရစ်တာမှာ ထောင်ပြထားမယ်ကွာ။ ည ဆိုက်မယ့် ရထားဆင်းခရီးသည်တွေ နဲ့ မနက်အစောရထားစီးမယ့် ခရီးသည်တွေ မြင်ရတာ ပေါ့"

လခထုတ်တိုင်း အစွန်းထွက် ငွေကလေးများ ကို စုဆောင်းခဲ့သော

မွန်မြတ်သန့်စင်သည့် ချေးနဲစာလေးများ သည် သာသနာနှင့် ဘုရားသားတော် တို့အတွက် နမ်းတစ်စေ့စာမျှ အကျိုး ဖြစ်ထွန်းလျှင်ကိုပဲ ကျေနပ်ပီတိ ဖြစ်နေသည့် အရိပ်အငွေ့တို့က စိန်ဝင်းထွန်းနှင့် ဇော်လင်းတို့ မျက်ဝန်းမှာ ထင်ဟပ်နေသည်ဟု ထင်မှတ်ရသည်။

*

မိတ္ထီလာလမ်းဘက်ရှိ ဆိုင်လိုခေါ်သည့် ဆန်ဂိုဒေါင်ကြီးများ မှာ ဆန်များ တင်ရန်အတွက် ကုန်တင်တွဲ (၄) တွဲ ချိတ်ဆက်ထားသည့်ရထားကို စေလွှတ်ပြီး မကြာမတင်မှာ ပဲ မန္တလေး ဘက်ခြမ်း ဘူတာလေးမှ (၄) အစုန်ရထား ချဉ်းကပ်ခွင့်တောင်းတော့ မျက်နှာချင်းဆိုင်နံရံရှိ နာရီဆီ အကြည့်တစ်ချက် ရွှေ့သည်။

ည(၉)နာရီ(၁၀)မိနစ်။

ရထားဝင်/ထွက်မှတ်တမ်းမှာ အချိန်စာရင်းသွင်းပြီး မြန်မာပြည်မြေပုံဆီ ထပ်မံ အကြည့် ဝေ့လိုက်တော့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မွန်၊ ချင်း၊ ရခိုင်၊ ကရင်၊ တနင်္သာရီ၊ မကွေး၊ စစ်ကိုင်းတို့မှာ ဗိုလ်ချုပ်ပုံတွေ ကပ်လို့ပြီးပြီ။ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတို့လောက်ပဲ ကျန်သည်။

သည်အတိုင်းဆိုလျှင် (၄) အစုန်ရထား ထွက်ခွာသွားပြီး ည (၉) နာရီခွဲလောက်မှာ ပဒေသာပင် အလှဆင်တာ ပြီးမည် ။ ရောင် စုံမီးကုံးလေးပါ တပ်လိုက်လျှင် ည (၁၀) နာရီမတိုင်မီ အချက်ပြမျှော်စင် ကော်ရစ်တာမှာ ပဒေသာပင်ကိုထောင်လျက် ကျွန်တော် တို့၏ စွမ်းဆောင်ရည် ကို ပြလို့ရမည် ။

"ကရာ ကရာ ကတ္တု၊ကရာကတ္တု၊ကရာ ကရာ ကရာ ကတ္တု၊ကတ္တု၊ကရာ ကရာ ကတ္တု၊"

"ထွက်" ဆိုသည့် ကြေးနန်းသံကြားတော့ ပဲခူးတိုင်းဆီရောက် ဗိုလ်ချုပ်ပုံကိုသာ

ထင်းထင်း ဖြစ်စေသည့် တြိဂံပုံချိုး (၁၀) ကျပ်တန်လေးတွေ ကို ငေးနေရာမှ နားက မသိမသာ ဆန့်သွား သည်ဟု ထင်သည်။

အချိန်မှန်ဟု အမိပ္ပာယ်ရ အ-ခ-မ ဆိုသည့် ကြေးနန်းသင်္ကေတသံပါ ဆက်ပြီး ထွက်ပေါ် လာတော့ (၄) အစုန်အမြန်ရထား တစ်ဖက်ဘူတာမှ အချိန်မှန်ထွက်ခွာချိန် (၉) နာရီ (၂၀) မိနစ်ကို ရထားလက်ခံစာအုပ်တွင် စာရင်းသွင်းလိုက်သည်။ နောက် (၁၀) မိနစ်၊ ည (၉) နာရီ (၃၀) မိနစ်မှာ (၄) အစုန်အမြန်ရထား ကျွန်တော့် ဘူတာကြီးသို့ ဆိုက်ရောက်လာတော့မည် ။ (၅) မိနစ် ရပ်တန့်ပြီး ဆက်လက်ထွက်ခွာလိမ့်မည် ။ ရှမ်း၊ ကယား ရထားတွေ ကလည်း ဝေးသေးတာမို့ (၄) အစုန်ရထား ထွက်ခွာချိန်ပြီးလျှင်တော့ ကျွန်တော် ပါ အခိုက်အတန့် အားသွားမည် ။ မြန်မာပြည်မြေပုံ၏ ပဒေသာ ပင်ကို ပိုပြီး သပ်ရပ်သွားအောင် ကျွန်တော် ပါဝင်ကူလုပ်ပေးနိုင်တော့မည် ။

ရန်ကုန်ဘက် ဘူတာသို့ (၄) အစုန်အမြန်ရထား ဆက်လက်စေလွှတ်ရန် ကြေးနန်း သင်္ကေတတွေ ဖြင့် ချဉ်းကပ်ခွင့် တောင်းပြီး ထွက်ခွင့်ခေါ် လမ်းရှင်းလက်မှတ်ပေါ် အမှား အယွင်း မရှိစေရန် တစ် ချက်ချင်း စစ်ရေး ရေး သည်။

"ကဲ . . . ဖိုးဒေါင်း လမ်းရှင်း ဘယ်သူ သွားပေးမလဲ"

"ကျွန်တော် သွားပေးမယ်ဆရာ၊ ဇော်လင်း၊ မင်း ပိုက်ဆံတွေ ကုန်အောင်ခေါက်ထားနှင့် ၊ ဖိုးဒေါင်းထွက်တော့ နှစ် ယောက် ပေါင်း ကပ်လိုက်ကြတာပေါ့"

စိန်ဝင်းထွန်းက ကျွန်တော့် လက်ထဲရှိ လမ်းရှင်းစာရွက်ကို (၄) အစုန်စက်ခေါင်းမောင်းအား ပေးရန် ယူပြီး အချက်ပြမျှော်စင်မှ ဆင်းသွားတော့ မီးရောင် ပျပျ လှမ်းမြင်နေရသည့် (၄) အစုန် ရထား စကြီး (၁) လမ်းသို့ သွင်းရန် ထိန်းချုပ်ခံ့ရှိ ပွိုင့်ခလုတ်အနက်တွေ ကို လှည့်၊ လမ်းမှန်ဘက် အချက်ပြခလုတ်အနီကို လှည့်ချိုးလိုက်သည်။ လမ်းမှန်အမှတ်အသား မီးဖြူတန်းလေး ပေါ်လာ သည်။ ရထားတစ်စင်း အန္တရာယ်ကင်းစွာ ဘူတာထဲ ဝင်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိ သွားပြီ။ နေ့စဉ် ပြုနေကျ စွမ်းဆောင်မှု တစ်ခု ဖြစ်သော် လည်း အထစ်အငေါ့မရှိ ချောမောပြေပြစ် သွားလျှင်တော့ စိတ်က

ကျေနပ်ပျော်ရွှင်နေတတ်သည်။

သည်အခါမှာ ရထား ဆိုက်ရောက်လာမည့် အချိန် စင်္ကြံကို ကြေညာပေးတာကိုက အသံ နိမ့်မြင့်မှန်ပြီး ခရီးသည်များ အတွက် နားဝင်ချို ပီသကြည်မြသွားစေသည် ထင်သည်။

"ကျေးဇူးပြု၍ နားဆင်ပါ။ မန္တလေးမှ ထွက်ခွာလာသော မန္တလေး-ရန်ကုန် အမှတ် (၄) အစုန် အမြန်ရထား မကြာမီအချိန်တွင် းမှာ အမှတ် (၁) စင်္ကြံသို့ ဆိုက်ရောက်လာပါလိမ့်မယ်။ လိုက်ပါစီးနင်းကြမည့် ခရီးသည်များ အမှတ် (၁) စင်္ကြံမှ စောင့်ကြိုစီးနင်းကြပါရန် အသိပေး ကြေညာအပ်ပါတယ်"

ဆိုသည့် ကျွန်တော့် ကြေညာသံက ဟိန်းထွက် ပြတ်သားကြည်လင်နေသည်။

"မိုက်၊ အသံချဲ့စက်က သင့်ရုံပဲ ကောင်းတာပါ"

ဆိုပြီး ကိုယ့်ကိုယ်ကိုယ် စန်းတင်နေသေးသည်။

*

နောက် (၂) မိနစ်လောက်မှာ (၄) အစုန်အမြန်ရထား အောက်တာ ခေါ် အချက်ပြမီးကို ဖြတ်ကျော်ပြီး ဘူတာထဲ ဝင်လာတော့မည် ။ အချက်ပြမီးများ မူလ ဆင်ထားသည့်အတိုင်း ရှိ၊ မရှိကို စစ်ဆေးသည့်အကျင့်စွဲ အကြည့်က ထိန်းချုပ်ခုံဆီ ရောက်သည်။

ထိန်းချုပ်ခုံတစ်ခုလုံးကို အကြည့်ခြုံလိုက်တော့ အို . . . မိတ္တီလာဘက်လမ်းပိုင်း အောက်တာအပြင်ဘက် မီးနီတန်းတစ်ခု ပေါ်လာပါလား။ ဆိုင်လိုတွဲ တွေ ပို့ပြီး စက်ခေါင်းပြန်လာ တာလား။

မ ဖြစ်နိုင်ဘူး။ သည်လောက် မမြန်နိုင်ဘူး။ ဟိုမှာ တွဲ တွေ နေရာတကျ

ဖြစ်အောင် ရှန်တိန် လုပ်ပေးရတာ ကိုက အနည်းဆုံး တစ်နာရီနီးပါးလောက် ကြာတာ။

ဟော . . . နောက်ထပ် မီးနီ၊ ဒါ မူမမှန်တာပဲ။ သေချာပြီ၊ တွဲ ဆိုင်းတွေ စက်ခေါင်းနဲ့ ပြုတ်ထွက် လွတ်လာတာနေမှာ ။ လမ်းက (၄) အစုန်ဝင်လာမယ့်လမ်းနဲ့ တစ်ဖြောင့်တည်း။ ပြုတ်လာတဲ့တွဲ တွေ စကြံ့အတိုင်း ဝင်လာပြီးရင် (၄) အစုန်ဝင်လာမယ့် လမ်းကြောင်းထဲရောက် . . . တိုက် . . . ဟာ။

အတွေ း၏ အမြန်နှုန်းထက် လက်၏ အမြန်နှုန်းက ပိုသာသွားသည် ထင်သည်။ အမှတ် (၄) အစုန် အမြန်ရထားအတွက် ပေးထားသော အချက်ပြမီးခလုတ်အနီကို ချက်ချင်း ဖြုတ်ချလိုက် သည်။ မိတ္ထီလာဘက်မှ ထွက်လာသည့်တွဲများ စကြံ့ (၁) အတွင် း မဝင်လာအောင် ဆင်ထားသော လမ်းလွှဲအမှတ် (၈၃) ကို ဆန့်ကျင်ဘက် လမ်းလွှဲဘက် လှည့်လိုက်သည်။

မန္တလေးဘက်ခြမ်း ပွိုင့် (၉) ကိုလည်း မူလလမ်းကြောင်းမှ သွေဖည်သည့် လမ်းလွှဲဘက် လှည့်ပေးလိုက်သည်။ စက္ကန့်ပိုင်းအတွင် းမှာ ပဲ ပွိုင့်ခလုတ်မျာ းက ကျွန်တော် စေစားရာအတိုင်း မှန်ကန်စွာ ဖြစ်သွားသည်။ (၄) အစုန်ဘက်လှမ်းကြည့်တော့ အချက်ပြတိုင်အနီးမှာ ရထားရောက် ရပ်တန့်နေပြီ။ အချက်ပြမရရှိ၍ စက်ခေါင်းမောင်းဆီက ဥသြသံ (၂) ချက် ဆင့်ကြားသည်။

“နေဦး ကိုယ့်လူရေ၊ ဘာတွေ ဖြစ်ကုန်တယ် မသိဘူး”

စိတ်ထဲတွင် ရေရွတ်ရမည့် စကားက နှုတ်ထက်မှ ခုန်ထွက်လာသည်။

“ဇော်လင်း၊ စက်နဲ့ အမြန်ကြေညာစမ်း။ စကြံ့ (၂) မှာ ရှိတဲ့ ခရီးသည်တွေ အဝါရောင် မျဉ်းနောက်မှာ နေဖို့ လုပ်၊ လုပ်၊ အမြန်လုပ်”

ကျွန်တော့် တပည့်လေးက ကျွန်တော့် လောဆော်မှု ကို ရုတ်တရက်ကြောင်နေရာမှ သဘော ပေါက်ပြီး မိုက်ခွက်ရှိရာသို့ အပြေးအလွှား ရောက်လာကာ ကြေညာတော့သည်။ ဇော်လင်း အထစ် အငေါ့မရှိ ကြေညာနေစဉ်အတွင် းမှာ ကျွန်တော့် မျက်လုံးအစုံက ထိန်းချုပ်ခုံမှာ သာ ရှိသည်။

ထင်တဲ့အတိုင်းပါပဲ၊ မီးနီတန်းတွေ က ရိပ်ခနဲ ရိပ်ခနဲဖြင့် အမှတ် (၂) လမ်းရှိ မီးလုံးလေး တွေ ကို လင်းသွားစေသည်။ ကျွန်တော် မျှော်စင်ကော်ရစ်တာဘက် ပြေးထွက်ပြီး စကြိုတွေ ဆီ ငုံ့ကြည့်တော့ အမှတ် (၂) စကြိုရှိ ခရီးသည်များ သံလမ်းနှင့် ဝေးရာသို့ အလုအယက် နောက်ဆုတ် သွားကြသည်မှာ အလဲလဲအပြိုပြို၊ ဗရိဗရဲ။

အတွေ းနှင့် ဆုံးဖြတ်ချက် မှန်သွားသည်။ အနီရောင် ကုန်တွဲ (၃) တွဲ အမှတ် (၂) လမ်း အတိုင်း အထိန်းအကွပ်မဲ့ အရှိန်ပြင်းပြင်းဖြင့် ဖြတ်သွားပြီ။ ကျွန်တော် (၄) အစုန်ရထား လာရာ ဘက် ပြတင်းပေါက်ဆီ ပြေးထွက်ရပြန်သည်။ လမ်းလွှဲပြောင်းမိတာ မှန်ကန်မှု ရှိသည်ကို အပြည့် အဝ ယုံကြည်ထားသော ကြောင့် (၄) အစုန်ရှိရာ လမ်းကြောင်းပေါ် လွတ်ထွက်လာသော တွဲ များ ရောက်ရှိ တိုက်ခိုက်မိမည် ကို မစိုးရိမ်မိသော် လည်း တွဲ လွတ်များ အမှတ် (၂) လမ်းအလွန် စက်ရုံ ဘက်ခြမ်းရှိ လမ်းဆုံးကတုတ်နှင့် တိုက်ပြီး ပိုးစိုးပက်စက် မှော က်ကာ လမ်းမကြီးနှင့် မလွတ်မကင်း ဖြစ်သွားမှာ ကိုတော့ စိုးရိမ်မိသည်။ သည်လို ဖြစ်သွားနိုင်လောက်အောင် လွတ်ထွက်လာသော တွဲ များ ၏ အရှိန်က မသေး။ အနည်းဆုံး မိုင် (၄၀) နှုန်းလောက်တော့ ရှိနိုင်လောက်သည်။

“ဆရာ၊ ဖိုးဒေါင်းသွင်းဖို့ အချက်ပြမီး ပြန်ပေးမလား”

“မပေးနဲ့ဦး . . . မင်း ဓာတ်မီးယူပြီး ပြေးစမ်း၊ မှော က်ကုန်တဲ့ တွဲ တွေ မိန်းလမ်းနဲ့ လွတ် မလွတ်ကြည့်၊ လွတ်ရင် မီးစိမ်းပြ၊ မလွတ်ရင် မီးနီပြ”

ကော်ပြား အစိမ်း၊ အနီကို အပေါက်ငယ်ဖောက်ပြီး ကြိုး နှင့် တွဲ ချည်ထားသော ဓာတ်မီးလေး ကို ယူပြီး ဇော်လင်း မျှော်စင်ပေါ်မှ ပြေးဆင်းသွားသည်။

ဇော်လင်း ဆင်းသွားပြီး မကြာမီမှာ ပဲ . . .

“ဆရာ . . . ဆရာ၊ တွဲ တွေ ဘယ်ရောက်သွားပြီလဲ။ ဖိုးဒေါင်းဘက် ရောက်သွားပြီလား”

ဆိုသည့် အမောစွက်၊ စိုးရိမ်မှု တွေ စွက်၊ အန္တရာယ်ရနံ့ကြောင့် ကြောက်ရွံ့မှု တွေ စွက်နေ သော အသံဖြင့် စိန်ဝင်းထွန်း မျှော်စင်ပေါ် ပြေးတက်လာသည်။

ကျွန်တော် လက်မထောင်ပြလိုက်သည်။

"အမောဖြေပါဦးကွာ . . . ပြီး တို့ပဒေသာပင်လည်း လွတ်ရာ ခဏသိမ်းလိုက်ဦး၊ တွဲ တွေ တော့ ကျွမ်းပစ်ကုန်ပြီ ထင်တာပဲ။ ဖိုးဒေါင်းသာ နည်းနည်း လေး စောရင်၊ ဒါမှမဟုတ် ပြုတ်ထွက် လာတဲ့တွဲ တွေ နည်းနည်း နောက်ကျရင် မတွေ းဝံ့စရာပဲကွ"

ကျွန်တော့် စိုးရိမ်မှု နှင့် တွဲ ဆက်နေသော သော ကတွေ က အခုအခါမှာ တော့ ငြိမ်ဆိတ်သွား ပြီကို ကိုယ်တိုင်ပင် အံ့သြနေသည်။ ဆောင်း၏ အအေးကို စိန်ဝင်းထွန်း၏ အပူက ဖယ်ထုတ်လိုက် ဟန်ရှိသည်။ သောက်ရေတစ်ခွက်လုံး တဂွပ်ဂွပ် မော့နေသော စိန်ဝင်းထွန်း၏ ရင်က ဖားဖိုကြီး တစ်ခုလို ဖြစ်နေရှာသည်။

"ကဲ . . . မင်း အမောပြေရင် ဖိုးဒေါင်းဘက် ကြည့်နေ၊ ဇော်လင်း မီးပြလိမ့်မယ်"

စိန်ဝင်းထွန်း မန္တလေးဘက်ခြမ်း ပြတင်းပေါက်ဆီ ထွက်သွားတော့ ရုံပိုင်ချုပ်၊ လမ်းဗိုလ်၊ တိုင်းမန်နေဂျာ၊ အချက်ပြအုပ်တို့ထံ ဖြစ်စဉ်ပြောဖို့ ဖုန်းလှည့်လိုက်သည်။

"ဆရာ၊ မီးစိမ်းပြတယ်"

"အိုကေ . . . တွဲ တွေ လမ်းမနဲ့ လွတ်တယ်။ သေချာအောင် (၄) လမ်း အဖြောင့်ကိုပဲ သွင်းမယ်။ ခရီးသည်တွေ (၄) လမ်း ပြောင်းစီးဖို့ ပြန်ကြေညာ။ အမှတ် (၁) စကြံသွင်းရန် အခက် အခဲ ဖြစ်ပေါ်လာပါသဖြင့် လို့ ထည့်ပြော၊ နို့မဟုတ် ငါတို့ မေတ္တာပွားခံရဦးမယ်"

စိန်ဝင်းထွန်း အသံချဲ့စက်မိုက်ဖွင့်ပြီး ရထားဆိုက်ရောက်မည့် စကြံကြေညာနေချိန်မှာ ကျွန်တော် က ပွိုင့်ခလုတ်များကို (၄) လမ်းသို့ ဆင်ပြီး လမ်းမှန်ရသည်နှင့် အချက်ပြကို ချိုးလိုက် သည်။

မှန်ကန်မှု အမှတ်အသား မီးဖြူတန်းလေး (၄) လမ်းအတိုင်း ပေါ်လာသည်။ (၄) အစုန် စက်ခေါင်းမောင်းဆီက ဥသြသံက (၂) ချက် ကြားလိုက်သည်။ အချက်ပြရပြီ ဆိုသည့်အသံ သင်္ကေတ။

*

အမှတ် (၄) အစုန် အမြန်ရထားကြီး ဘေးမသီ ရန်မခဘဲ ကျွန်တော် တို့ ဘူတာကြီးကို ရောက်ရှိပြီး (၅) မိနစ် ရပ်တန့်ကာ ဆက်လက်ထွက်ခွာသွားသည်။ လွန်ခဲ့သော (၈) မိနစ်ခန့်က ယောက် ယက်ခတ် လှုပ်ရှားလိုက်ရသော ကျွန်တော် တို့လုပ်ငန်းစဉ်ကို ခရီးသည်တစ်ဦး တစ်ယောက် မျှ သိလိုက်မည် မဟုတ်ပါ။ အပြင်အချက်ပြတိုင်မှာ (၅) မိနစ် ရပ်တန့်သွားသည့်ကိစ္စ အတွက် ထုချေလွှာ ကတော့ ဖြေရမှာ မဟုတ်ဟု ထင်သည်။ ဖြစ်စဉ်အကြောင်းအရာကို ရုံပိုင်ချုပ်က ဟိုးခေါင်ဖျားထိ သတင်းဦး ကြေးနန်းပို့လိမ့်မည် လေ။ သည်တော့ ကျွန်တော့် အပိုင်းက ပြီးဆုံးသွား ပြီ။ နောက်တစ်နေ့ ဌာနဆိုင်ရာ စုံညီစုံစမ်းစစ်ဆေးမှု လုပ်လျှင်တော့ ဖြစ်ကြောင်းကုန်စင် ဖြေရလိမ့် ဦးမည် ။

"ဆရာ . . . ဆုံးဖြတ်ချက်နဲ့ သတိသိပ်ကောင်းလို့ ဖိုးဒေါင်းနဲ့ တွဲ တွေ မတိုက်မိတာနော်။ ဒါကို လူကြီးတွေ သိပြီး ဆရာ့ကို ဆုချချင် ချမှာ နော်"

သွားတက်ကလေး ပေါ်အောင် အပြုံး နှင့် ပြောသော စိန်ဝင်းထွန်း ပခုံးကို ကျွန်တော် က တစ်ချက်ညှစ်လိုက်တော့ စိန်ဝင်းထွန်းက ဇက်ကလေး ပုဝင်သွားသည်။

"နေပါ တပည့်ရာ၊ ထားလိုက်စမ်းပါ။ ငါတို့ ပဒေသာပင်ကိစ္စပဲ ဆက်လုပ် ကြရအောင်ပါ"

*

ည (၁၀) နာရီလောက်မှာ ပြီးစီးမည် ဟု ခန့်မှန်းထားသော ပဒေသာပင်က ည (၁၁) နာရီခွဲ ခန့်မှာ မှ ပြီးသည်။ ရောင် စုံမီးကြိုး ကို မြေပုံအနားသတ်အတိုင်း ခွေသွားပြီး

အောက်ခံကတ်ပြားနှင့် တွဲ မိစေရန် အပ်ချည်ဖြင့် ဖောက်ကာ ချည်လိုက်သည်။ ကြိုး လျော့ရဲရဲမရှိစေရန် လက်ပေါက်စိပ် ရသည်။ ပြည်နယ်နှင့် တိုင်း (၁၄) ခု အကွက်ထဲရှိ ဗိုလ်ချုပ်၏ တည်ကြည်ခံ့ညား ပြတ်သားသော ယူနီဖောင်းဝတ်၊ ဦးထုပ်ဆောင်း၊ ဦးထုပ်မပါ ရုပ်ပုံများက မီးရောင် စုံနှင့် လင်းထင်းလို့ နေသည်။

ကျွန်တော် တို့ ဆရာတပည့်တွေ စိတ်ကြိုက်တော့ ပဒေသာပင်ကို ကော်ရစ်တာမှာ ထောင်ပြီး မီးရောင် စုံကြိုး ၏ မီးခေါင်းကို မီးပလတ်ပေါက်ထဲ ထည့်လိုက်သည်။ အချိန်ကိုက်ပါပဲ၊ အစုန်ရထား ဆိုက်ရောက်ချိန်မို့ ခရီးသည်များ က ခုံးတံတားကို ဖြတ်ကျော်ပြီး ဘူတာထွက်ပေါက် ဆီ ကူးလာကြချိန်နှင့် ကွက်တိ။ ကျွန်တော် တို့၏ ပဒေသာပင်ကို ခရီးသည်များ မော့ကြည့်ကြ သည်။ ကျွန်တော် ကား ရင်ခုန်နေလေသည်။

“ဟေး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း”

လက်ခုပ်သံများ ကား အဆက်မပြတ်၊ စည်းတိုက်ထားသလား ထင်ရအောင် သံပြိုင်ညီ။ သူတို့၏ ဝန်စည်စလယ်များ ကို ချပြီး ကျွန်တော် တို့ စွမ်းဆောင်ခဲ့သော ပဒေသာပင်အား ကောင်းချီး ပေးနေမှု အပေါ် ကျွန်တော် တို့ ဆရာတပည့်များ ပါ ကူးစက်ပြီး မတိုင်ပင်ပါဘဲလျက် လက်ခုပ် သံပြိုင်တီးမိချေပြီ။

*

စောစောပိုင်းလေးတင်က စွန့်စားခဲ့ရသော ကုန်ရထားတွဲ များ နှင့် (၄) အစုန်အမြန်ရထား တိုက်တော့မည့် အခြေအနေမှ လွတ်မြောက်သွားစေသည့် အကောင်းဆုံး၊ အမှန်ကန်ဆုံး ဆောင်ရွက်ခဲ့သော စွမ်းဆောင်ရည်တို့သည် ရင်ထဲ မရှိတော့ပြီ။ ပဒေသာပင်ကသာ နှလုံးသား ထက် နေရာယူသွားခဲ့ပြီလေ။

ရွှေအမြုတေမဂ္ဂဇင်း၊ မတ်၊ ၂၀၁၄။

*

## ဘေးမဲ့တောသို့ အဝင်/အထွက်

မြို့ ကလေး၏ နေရောင် က ဒီဇင်ဘာ အအေးလှိုင်းကို ဖြတ်တောက်ဖို့ ဘယ်လိုမှ ကြိုး စားလို့ မရနိုင်တဲ့ အခြေအနေမှာ ကျွန်တော် အနွေးထည် အထပ်ထပ်ဝတ်ပြီး ဆိုင်ကယ်လေးတစ်စင်းရဲ့ ကယ်ရီယာခုံပေါ် ထိုင်မိနေပါပြီ။ စာအုပ်တွေ ထဲမှာ အကြိမ်ကြိမ်ဖတ်ခဲ့ရသော ရွှေသမင် ဘေးမဲ့တော (ခေါ်) ချပ်သင်း ဘေးမဲ့တောဆီ ကျွန်တော် စိတ်၊ နှလုံးသားက ရောက်ရှိ ခြေချနေချင်မိတာပဲ ဖြစ်မည် ။ မြေလမ်းကျဉ်းလေးတွေ ပေါ်မှာ ဆိုင်ကယ် ကျွမ်းကျင်စွာ စီးနိုင်သည့် အလေ့အကျင့်ကိုရထားသော မြို့ ကလေး၏ စာပေချစ်သူများ ပါ ကျွန်တော် နှင့် အတူ လိုက်ပါလျက်။ မြို့ ကလေးကနေ ကျောက်တုံး၊ အဖုအထစ်၊ ချိုင့်တို့ ရောပြွမ်းရာ လမ်းပေါ်မှာ တဒုန်းဒုန်းနဲ့ ဆိုင်ကယ်ရဲ့ သယ်ဆောင်ရာ ကျွန်တော် ပါသွားခဲ့ပေ့ါ။ မိနစ် (၂၀) ကျော်ကျော်လောက်မှာ တော့ ရွှေသမင်ဘေးမဲ့တောရဲ့ စဉီးနေရာအင်တိုင်းတောသို့ ဝင်ရောက်လာလေပြီလေ။

ချပ်သင်းဘေးမဲ့တော နောက်တန်းရုံး ဧည့်ခန်းဆောင်မှာ ကျွန်တော် တို့ကို ကော်ဖီ၊ ကိတ်၊ လိမ္မော်သီး အစုံအလင်ဖြင့် ဧည့်ခံတော့ တာဝန်ခံနှင့် ဝန်ထမ်းများ ကို ကျေးဇူးအကြိမ်ကြိမ် တင်နေမိပေမယ့် ကျွန်တော့် စိတ်ဝင်စားမှု က ကော်ဖီခွက်တွင် မရှိ၊ လိမ္မော်သီးတွင် မရှိ။

"ရွှေသမင်က ဘယ်မှာ လဲ၊ ကြည့်လို့ ရမှာ လား"

အလောတကြီး ဖြစ်နေသော ကျွန်တော့် မေးခွန်းကို ဘေးမဲ့တော တာဝန်ခံက ခေါင်းယမ်း လျက်သာ ဖြေသည်။

"တောထဲကို တော် တော် သွားရဦးမယ်၊ သွားခွင့်မရှိဘူး၊ ဟိုတုန်းက လင့်စင်ကနေ ကြည့်ရင် မြင်ရတယ်။ အဲဒီ လင့်စင်ဆောက်ထားတဲ့ သစ်ပင်က တောမီးလောင်တဲ့ထဲ ပါသွားပြီ"

မျှော်လင့်ချက်တို့ ပြိုကွဲ . . .။

"ဟောဗျာ၊ ချပ်သင်း ရောက်ပြီးမှ ရွှေသမင် မမြင်ရတာ ကတော့ ချပ်သင်း မရောက်လိုက် သလိုပါပဲ"

ကျွန်တော့် အလိုမကျ ညည်းတွားမှု ကို ဘယ်သူကမှ အသိအမှတ်မပြုတော့။

"ဟိုနား ဒီနား ပြတိုက်လောက်တော့ ကြည့်လို့ရပါတယ်"

အုပ်ချုပ်ရေး မှူး ၏ တိုးဖွဖွ စကားသံက ကျွန်တော့် ရင်ဘတ်ထဲထိ ရောက်သည်။ ဟိုနား ဒီနား ပြတိုက်ဆိုတာကိုပဲ ကျွန်တော် ကြည့်ခွင့်ရခဲ့ပါသည်လေ။

*

ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတွင် သာ ရှင်သန်ကျက်စားနိုင်သော မြန်မာ့ရွှေသမင် မျိုးမသုဉ်း စေရေး အတွက် ထိန်းသိမ်းကာကွယ်ရန်၊ ဂေဟစနစ် မပျက်စီးရေး ၊ သဘာဝ ပတ်ဝန်းကျင်ပညာရပ် မြှင့်တင်ရေး ၊ သစ်တော၏ အရေး ပါမှု ၊ Ecotourism ဖြင့် ဝင်ငွေရှာခြင်း . . .။

ချပ်သင်းဘေးမဲ့တော၏ ဆောင်ပုဒ်များ ကား ခမ်းနားလေစွ၊ ရည်ရွယ်ချက်များ ခေါင်ဖျား ရောက်လှ . . .။

သစ်ပင်နှင့် သားငှက်တိရစ္ဆာန်တို့သည် အတိတ်၏ အမွေအနှစ် ၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုး မှု အတွက် ဖြစ်သည်ဆိုတဲ့ ဆိုင်းဘုတ်ကို ပျဉ်ချပ်ဆေးနီသုတ်ပြီး စာလုံးအဖြူဖြင့် မြန်မာလို၊ အင်္ဂလိပ်လို ရေး သားထားသည်။ အင်တိုင်းတောပင်စည်ထက် ဆိုင်းဘုတ်တိုင်က တုတ်ခိုင်နေတာကိုတော့ ဖျတ်ခနဲ သတိထားမိသွားသည်။

"အင်ပင်တွေ က လှီလိုက်တာဗျာ"

ကျွန်တော့် မှတ်ချက်ကို တောအုပ်ကြီးက ကွမ်းသွေး ပျစ်ခနဲ ထွေးရင်း -

"အပင်ကျပ်လို့ပါ၊ ကျွန်တော် တို့က အပင်ကြီးထွား သန်စွမ်းရေး ထက် ရွှေသမင်တို့ နေထိုင် ရာ တောအုပ်အ ဖြစ် ဖန်တီးတာပါ" ဟု ရှင်းပြသည်။

သဘာဝ သမိုင်းပြတိုက်ဆိုသည့် ဆိုင်းဘုတ်ချိတ်ထားသော အဆောက်အအုံ အစိမ်းလေး ထဲ ဝင်လိုက်တော့ From zero to hero ဆိုသည့် စာတန်းလေးက ပြတိုက်နှင့် မလိုက်ဖက်စွာ ခပ်ကြွားကြွား ထင်ထင်လင်းလင်း ရှိနေသည်ဟု ထင်သည်။ တိရစ္ဆာန်ငယ် ၄၊ ၅ ကောင်၏ ရုပ်ကြွင်းနှင့် လိပ်ပြာရုပ်ကြွင်းတို့ပဲ ပြတိုက်ထဲမှာ ရှိနေသည်။ သည့်ထက် မပိုတော့၊ ပြတိုက်နာမည် ကိုပင် အားနာစရာ ကောင်းလှသည်ဟု ကျွန်တော့် စိတ်က မညှာမတာ ဝေဖန်နေမိသည်။ ပြတိုက်ထဲက ပြန်လာတော့ From zero to hero ကို ကျွန်တော် တို့ ပြတိုက်ထဲမှာ ပဲ ချန်ထားပစ် ခဲ့ပြီ။

ရွှေသမင်လည်း မမြင်ရ၊ ရွှေသမင်အကြောင်းလည်း ရှင်းမပြ၊ ပြတိုက်မှာ လည်း ဘာမျှလည်း မတွေ့ရတော့ ကျွန်တော့် ရင်ထဲ တနုံ့နုံ့ ဖြစ်နေသည်။ "ပြောပိုင်ခွင့်မရှိလို့ပါ" ဟူသော စကား ကိုသာ ဆီမန်းမန်းသလို အထပ်ထပ်ရွတ်နေသော အုပ်ချုပ်ရေး မှူး ၏ မသက်မသာ အမူအရာကို ကျွန်တော် ခံစားနားလည်မိနေပါပြီ။ ဘာမှလည်း မမေးချင်တော့။

ချပ်သင်းဘေးမဲ့တော ဆိုင်းဘုတ်တွေ ရှေ့မှာ သာ ဓာတ်ပုံအရိုက်ခံနေလိုက်တော့သည်။ ဆိုင်းဘုတ်တွေ ရှေ့မှာ Post အမျိုးမျိုးပေးနေသော ကျွန်တော့် ပုံက ဘေးမဲ့ရွှေသမင်နဲ့တော့ လားလားမျှ မတူနိုင်ပါ။

*

"ရွှေသမင်တွေ ကို ဒေသခံတွေ က ဖမ်းဆီးသတ်ဖြတ်တာရှိလား"

"ရှိတာပေါ့၊ ပညာပေး စည်းရုံး၊ ထိထိရောက်ရောက် အရေး ယူ၊ ဒီလိုပဲ

ထိန်းသိမ်းရတာ လေ”

ကျွန်တော် နှင့် တောအုပ်ကြီးတို့၏ အမေးနှင့် အဖြေက နည်းနည်း တော့ စရွေးကိုက်လာပြီ ထင်သည်။

“ကောင်ရေ ဘယ်လောက်ရှိလဲဗျ၊ တစ်နှစ် သားပေါက် တိုးပွားနှုန်း၊ ဒါမှမဟုတ် လျော့နည်း . . .”

ကျွန်တော့် စကားက လေထဲတွင် ပျောက်လွင့်သွားချေပြီ။ မကြားသည်လား၊ မကြားချင် ယောင် ဆောင်လိုက်လေသလား။ အုပ်ချုပ်ရေး မှူး နှင့် တောအုပ်ကြီးတို့၏ ခြေလှမ်းက သွက်လွန်း လှသည်။

“ဆရာကလည်း မပြောချင်တာ သွားမေးတာကိုး၊ ကျွန်တော် သိသလောက် ကတော့ အရင် က (၁၅၀၀) ကျော် ရှိတယ်။ အခု (၅၀၀) လောက်ပဲ ရှိတော့တယ်တဲ့”

ဒေသခံ စာချစ်သူ ဆိုင်ကယ်သမားလေး၏ အဖြေစကား ကြားတော့ ကြောက်လန့်တုန်လှုပ် သွားသည်။ ခြေလှမ်းတို့ အယောင်ယောင်အမှား းမှား ။။

“ဟ . . . ဒီပုံဆို နောင် ရွှေသမင်ကို ဗွီဒီယိုခွေထဲမှာ ပဲ ကြည့်ရတော့မယ် ထင်တယ်”

ကျွန်တော် ကြေကွဲနေပြီလား။

ရွှေသမင်တို့ရဲ့ ကံကြမ္မာအပေါ် တွေ းကြောက်တုန်လှုပ်နေပြီလား၊ နှလုံးခုန်သံကား ပရမ်း ပတာ ဖြစ်သွားပြီဟု ထင်ပါသည်။

စမ်းချောင်းစခန်း ပြန်ရောက်တော့ သေနတ်ကိုယ်စီ လွယ်ထားသည့် ဆိုင်ကယ်သမား နှစ် ယောက် တွေ့လိုက်ရ၍ ထိတ်ခနဲ ဖြစ်သွားသေးသည်။

“ဝန်ထမ်းတွေ လေ၊ တောထဲထိဝင်ပြီး မုဆိုးတွေ ရန် ကာကွယ်ဖို့ သွားကြတာ”

ကျွန်တော့် ဆိုင်ကယ်ဆရာလေးက ရှင်းပြတော့ ဝန်ထမ်းနှစ် ယောက် ကို မသိမသာ အကဲခတ်ကြည့်သည်။ ဆန်အိတ် ဖြစ်ပုံရသော အိတ်ကလေးကို

ဆိုင်ကယ်ဒူးကာနှင့် ထိုင်ခုံကြား ညှပ်လျက်။ တောထဲမှာ နေရမည့် ၄၊ ၅ ရက်စာအတွက် ရိက္ခာ ဖြစ်ပုံရသည်။ ဆန် ကတော့ ဟုတ်ပြီ။ ဟင်းလျာကကော . . .။

"မိလို့ ကတော့ ပစ်သူရော၊ ရောင် းသူရော၊ ဝယ်စားသူရော အကုန် တသီတတန်းကြီး ဖမ်းတော့တာ။ တောကကျယ်တော့ ဝန်ထမ်းအင်အားနဲ့ မထိန်းချုပ်နိုင်ဘူး။ ဥပဒေနဲ့ ထိန်းချုပ်ရ တာပဲ"

စာချစ်သူအုပ်စုထဲက ဓာတ်ပုံဆရာကြီး၏ ရှင်းပြမှု ကြောင့် ကျွန်တော် ဘဝင်ကျ ကျေနပ်လို့ သွားသည်။ ဟုတ်တာပေါ့၊ ထိရောက်တဲ့ ဥပဒေနဲ့ ထိန်းချုပ်မှ တောရဲ့ ရှင်သန်မှု က တည်တံ့မှာ လေ။

*

အိမ်ပြန်ဖို့အတွက် နှင်းမှု န်မှု န်အောက်ရှိ ဘူတာလေးရဲ့ စင်္ကြံမှာ ရထားစောင့်နေတော့ တက္ကသိုလ်တုန်းက မေဂျာအတူတက်ခဲ့သော သူငယ်ချင်း ကိုမြင့်နွယ်က ဒေသထွက် ကောက်ညှင်းကျည်တောက်၊ ခေါပုတ်များ အပြင် အိတ်ကလေးတစ်အိတ် လက်ဆောင်ပေးသည်။ စတိုးဆိုင်သုံး ပလတ်စတစ်အိတ်လေးထဲမှ ကိုမြင့်နွယ်၏ လက်ဆောင်ပစ္စည်းလေးကို ထုတ်ကြည့် တော့ . . .

"အို . . . လယ်သာအစစ် လက်ကိုင်ဖုန်းအိတ်နှင့် ပိုက်ဆံအိတ်ကလေး"

အရောင် အသွေး စိုကြွ နူးညံ့လှသည်။ သားရေလေးကို ကျွန်တော် ပွတ်သပ်ကြည့်နေမိ သည်။

"ရွာထဲမှာ လယ်သာဆိုင် ၃၊ ၄ ဆိုင် ရှိတယ်။ အချိန်မရလို့ လိုက်မပြတာ။ အိတ်လေးတွေ ကြိုက်တယ် မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်မိသလား။ ချေသားရေဂျာကင် အနွေးထည်အတွင်

းအိတ်ထဲရှိ လက်ကိုင်ဖုန်းကလေးကို ဆွဲထုတ်ပြီး ကိုမြင့်နွယ် ပေးသည့် ဖုန်းအိတ်လေးထဲသို့ ထည့်ကာ ခါးမှာ ဟန်ပါပါ ချိတ်လိုက်တော့သည်။

*

နေ့လယ် ဘေးမဲ့တောရောက်စဉ်က ခံစားမှု များ အခုတော့ ဘာမျှမကျန်တော့။

၂၁၊ ဒီဇင်ဘာ၊ ၂၀၁၁။

(ချပ်သင်းစာပေဟောပြောပွဲ အမှတ်တရ)

ရန်နံ့သစ်မဂ္ဂဇင်း၊ ဧပြီ၊ ၂၀၁၂။

*

## သားကောင်များ

### ၁။ (က)

တောင်ဆိတ်အုပ်စု၊ အကောင် ၄၊ ၅၀ ခန့်တော့ ရှိမည် ။ စမ်းချောင်းလေးဆီလား၊ မြက်စိမ်း နုစိုဆီလား၊ အစုအဝေးလိုက် စည်းချက်မှန် ခြေလှမ်းတို့ဖြင့် တစ်လှမ်းချင်း တစ်ရွေ့ချင်း၊ သော က မရှိ၊ အပူအပင် မရှိ။

### ၁။ (ခ)

သူတို့ရုံးမှာ ဝန်ထမ်း (၂၀) ကျော်ရှိသည်။ အငယ်တန်းစာရေး ၊

အကြီးတန်းစာရေး ၊ စာပေး စာယူစာရေး ၊ ဌာနခွဲစာရေး ၊ လက်နှိပ်စက်စာရေး ၊ ကွန်ပျူတာကျွမ်းကျင် စသည်ဖြင့် သူ့ Section အလိုက် ရာထူးအဆင့် အမျိုးမျိုး ရှိသည်။ စားပွဲ (၁၀) လုံး မျက်နှာချင်းဆိုင် ထားပြီး အလယ်က လျှောက်လမ်း ဖြစ်သည်။ စားပွဲတွေ နောက်မှာ စာရင်းဇယားစာအုပ်များ ထည့်ထားသည့် ဦးစားပေး အဆင့်အတန်း မှတ်သားထားသော ဗီရိုကြီးများ စာရွက်ဖိုင်များ တင်ထားသည့်စင်ကြီးများ ရှိသည် မို့ ရုံးခန်းက အကျယ်ကြီးဟုလည်း မဆိုသာ။

လက်ထောက်ညွှန်ကြားရေး မှူး သူ့စားပွဲက မျက်နှာချင်းဆိုင် စားပွဲတွေ ကို ထိပ်က ပိတ်ထားသည့်အလား ရှိသည့်အတွက် ဝန်ထမ်းအားလုံး၏ လှုပ်ရှားမှု ကို မမြင်လိုပါဘဲ မြင်နေရ သည်။ မကြည့်လိုပါဘဲ ကြည့်နေရသည်။ သူနှင့် မျက်နှာချင်းဆိုင် ရုံးအဝင်ပေါက်နံရံရှိ (၂၆) လက်မ LED တီဗွီ၏ မြင်ကွင်းလိုပဲ ဖြစ်နေသည်။

ညွှန်ကြားရေး မှူး ၏ လေအေးပေးစက်အခန်းထဲမှာ Sky Net Box ထားပြီး ၎င်းကိုယ်တိုင် ကလည်း LED တီဗွီတစ်လုံးနှင့် အစီအစဉ်တွေ ကို ကြည့်နေတတ်သည်ဆိုတော့ သူတို့ရုံးခန်းရှေ့ တီဗွီအစီအစဉ်က ညွှန်ကြားရေး မှူး ၏ ဆန္ဒအတိုင်းပဲ ဖြစ်လို့နေသည်။

ရုံးတာဝန်ချိန်မှာ တီဗွီကြီး ဖွင့်ထားတာ မကောင်းပါဘူးဟု ဘယ်သူကမှလည်း စောဒက မတက်၊ ဝေဖန်ရေး မလုပ်တာ ဆိုတော့ ဝန်ထမ်းများ အားလပ်ချိန် (သူ ကတော့ သူ့ဝန်ထမ်းတွေ အမြဲတမ်း အားနေသလိုပဲ ဟုထင်သည်) မှာ တီဗွီအစီအစဉ်က ငွေးမောစရာကောင်းလှသည့် ဖျော်ဖြေရေး အစီအစဉ်ပဲ ဖြစ်သည်။

ခက်တာက ညွှန်ကြားရေး မှူး ၏ ခံစားချက်သည် တောကောင်တွေ ၏ သဘာဝ ကို နှစ်သက် ဟန်ရှိသည်။ အချိန်တော် တော် များများ မှာ World Wild Channel ကိုပဲ ဖွင့်ထားတတ်သည်။ သည်တော့ သူ့မှာ မမြင်လိုဘဲ မြင်နေရ၊ မကြည့်လိုဘဲ ကြည့်နေရတော့သည်။

"အဲဒီ နေရာက နေရာကောင်း၊ အင်းလေ . . . အမြန်ဆုံး ကျအောင်

ဆက်တင်ပေးလိုက် မယ်”

စာပေးစာယူ စာရေး လေးရဲ့ ပြာတာတာ အသံ။

“နည်းနည်း တော့ ခက်တယ်၊ ရုံးချုပ် အဝင်၊ အထွက် လိုတယ်”

အကြီးတန်း စာရေး မကြီးရဲ့ စူးရှရှ စကားသံ။

“ကွန်ပျူတာ ရိုက်ရမယ်၊ မြေပုံဆွဲရမယ်၊ အော်တိုကတ်နဲ့မှ အဆင်ပြေမှာ ၊ မိတ္တူ တွေ ကလည်း လိုသေးတယ်”

ကွန်ပျူတာကျွမ်းကျင်ရဲ့ အောအက်အက် စကားသံ။

“လျှောက်လွှာတွေ က တစ်ထပ်ကြီး၊ ဦးစားပေး လုပ်ပေးရမှာ ဆိုတော့ . . . အင်း”

ဌာနခွဲစာရေး ကြီးရဲ့ သွေ့ခြောက်ခြောက်အသံ။

အားလုံး တညီတညွတ်တည်း ခြေလှမ်းတို့ စည်းချက်အမှန်၊ ကိုယ့်စားပွဲအသီးသီးမှာ အထုပ်ကလေးတွေ ၊ စာအိတ်ကလေးတွေ ကိုယ်စီ ကိုယ်စီဖြင့် ၊ နိစ္စဓူဝ ရုံးဆင်းအပြန်မှာ မိသားစု ဆန်ဖိုး၊ ဆီဖိုး၊ စာအုပ်ဖိုး၊ ဖယောင်းတိုင်ဖိုး၊ အရက်ဖိုး၊ ဖဲဖိုး၊ နှစ် လုံးဖိုး၊ ကာရာအိုကေဖိုး၊ မာဆတ်ဖိုး တစ်ခု၊ သို့မဟုတ် နှစ် ခု၊ သို့မဟုတ် အားလုံးလည်း ဖြစ်သွားနိုင်ပါသည်။

## ၂။ (က)

သည့်အခိုက်မှာ ပဲ . . . တောင်ဆိတ်တို့ ဖရိုဖရဲ ဝရုန်းသုန်းကား။ တော၏ ဘုရင် ခြင်္သေ့ တစ်ကောင်က တောင်ဆိတ်အုပ်စုဘေးမှ တဝေါင်းဝေါင်း ဟောက်သံပြုပြီး ပြေးလိုက်လာသည်။ မြင်ကွင်းက ကြည်နူးဖွယ်ရာမှ အကျည်းတန်အ ဖြစ် ရုတ်တရက် ပြောင်းသွား ပြီ။ ခြေလှမ်းများ စည်းချက်ညီရာမှ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်ပြီ။ အငြိမ်မှ အဆူသို့ ဒရမ်ရိုက်ချက် ပြောင်းသွား သလို ခံစားရသည်။ မြင်ကွင်းမလှတော့။ တောင်ဆိတ်တို့၏ မျက်လုံးအရောင် က ကြောက်လန့်တုန်လှုပ်မှု တို့ဖြင့် ဖွဲ့တည်နေသည်။

လွတ်အောင်ပြေးဆိုသည့် အသိမှတစ်ပါး အခြားမရှိသည့် အသွင်သဏ္ဍာန် များ ပဲ ဖြစ်မည် ။

ခြင်္သေ့က ပါးနပ်သည်။ အကောင်ကြီးကြီးကို ဟန့်ပြီး အကောင်ငယ်ကို ချောင်းသည်။ ခြေလှမ်းမှား မည့် ၊ သင်းကွဲ ဖြစ်သွားမည့် တောင်ဆိတ်ငယ်ကိုသာ အမိအရ ဖမ်းဆွဲဖို့ပဲ အားထုတ် ဟန် ရှိသည်။ ခြင်္သေ့က တောင်ဆိတ်အုပ်စုနှင့် သာ ပြိုင်ပြေးနေပေမယ့် အကြည့်က ပဲ့ထွက်သွား မည့် ၊ ခြေလှမ်းမှား မည့် အကောင်ကိုသာ မဲနေသည်။

"မင်းကို ကိုက်သတ်မယ့်ကောင်၊ ဘေးဖဲ့မထွက်နဲ့၊ သစ်ရွက်နု၊ မြက်စိမ်းနုနုကို စားချင်တာပဲ မကြည့်နဲ့လေ။ ဟာ . . . ဒုက္ခပဲ၊ အုပ်စုမကွဲနဲ့။ ဒီကောင် မင်းတို့အုပ်စုထဲ မဝင်ရဲဘူး။ ဘေးက ပတ်ပြီး လှမ်းခြောက်မှာ ၊ သင်းကွဲမ ဖြစ်စေနဲ့။ သင်းကွဲ ဖြစ်ရင်တော့ လွတ်လွတ်ကျွတ်ကျွတ် ဆွဲသွား မှာ "

ရင်ထဲက စကားများ ပဲ ဖြစ်ပါသည်။ တီဗွီအစီအစဉ် ကတော့ သူ့ရင်ထဲက စကားများ ကို နားလည်လိမ့်မည် မဟုတ်ပါ။

ဝုန်းခနဲ ခုန်အုပ်လိုက်ချိန်မှာ တော့ တောင်ဆိတ်ငယ်တစ်ကောင်၏ လည်မျိုကို ခဲမိသွားပြီး ခြင်္သေ့က အုပ်စုထဲမှ တရွတ်တိုက် ဆွဲထုတ်သွားသည်။ ကျန်သည့် ကောင်များ ကတော့ ကြောက်လန့်တကြား ကစဉ့်ကလျား ပြေးလျက်။ ခြင်္သေ့၏ အားကောင်းသန်မာသော မေးရိုး၏ အလုပ်အရှားဖြင့် ချွန်မြမာကျောသော သွားစွယ်များ အောက် အသက်ပျောက်လု ဖြစ်သော အသံ မထွက်နိုင်တော့သော တောင်ဆိတ်သင်းကွဲလေးကို ထားရစ်ခဲ့ပြီ။

တော၏ သဘာဝ နိယာမ။ အားကြီးသူမှ အားနည်းသူတို့အပေါ် ရက်စက်သော သတ်ဖြတ် မှု ။ တောင်ဆိတ်တစ်ကောင်ကား ခြင်္သေ့၏ ပယ်ပယ်နယ်နယ် ဖဲ့ရွဲ့ မြိန်ရေရှက်ရေ စားသောက်မှု အောက်မှာ ပုံပျက်ပန်းပျက် ဖြစ်သွားတော့သည်။ ခြင်္သေ့ကား စိမ်ပြေနပြေ စားသောက်ပြီး ပါးစပ် တစ်ဝိုက် ပေကျံနေသော သွေးစသွေးနများ ကို လျှာနှင့် သိမ်းလျက် အားရကျေနပ် ဗိုက်ဝသွားပြီမို့ တစ်လှမ်းချင်းရွှေ့ကာ ရိပ်မြုံဆီ ပြန်အသွားမှာ တော့ ချုံ အကွယ်မှ သွားရည်တများများ ကျလျက် ချောင်းနေသော တောခွေးအုပ်စုက ဣန္ဒြေမဲ့စွာ အရိုးအရင်းကို လုယက်ကိုက်ခဲနေကြပြန်သည်။

တောင်ဆိတ်အုပ်စုက ဟိုးခပ်လှမ်းလှမ်းမှာ။ စောစောက အထိတ်တလန့်သည့် အရိပ်လိုပဲ လိုက်ပါနေဟန်ရှိသည်။ ရိပ်မြုံသို့ ပြန်ရောက်ရေး ပဲ အလေးထားနေကြပြီထင့်။ သစ်ရွက်နုလေးများ မြက်နုလေးများ ၊ ကြည်လဲ့သော စမ်းရေအိုင်လေးတို့ကို ရှိသည်လို့ မအောက်မေ့တော့။ အထိတ် တလန့် မျက်ဝန်းများ က အခုထိ မှု န်မှိုင်းနေဆဲ။ အစာဝမိုက်ပြည့်သွားပြီ ဖြစ်သော ခြင်္သေ့သည် လည်း တောင်ဆိတ်အုပ်စုကို ရှိသည်လို့ပင် မထင်သည့်အလေး လေးတွဲ ပျင်းရိစွာ ရွေ့လျားနေ သည်။

နောက်တော့လည်း တောကသစ်ပင်တို့၏ စိမ်းမြမှု ၊ ရေ၏ ကြည်လင်မှု ၊ တောကောင်ငယ် အုပ်စု၏ ကြောက်ရွံ့မှု မဲ့ လှုပ်ရှားသွားလာမှု ၊ တောကောင်ကြီးများ ဣန္ဒြေရရဖြင့် ရမ္မက်ဆန္ဒ ပျောက်နေမှု တို့ကြောင့် မြင်ကွင်းက သာသာယာယာ ဖြစ်လို့သွားသည်။ မမြင်ဝံ့၊ မကြည့်ဝံ့သော အနိုင်ကျင့်စိုးမိုးမှု က ငြိမ်သက်သွားပြန်သည်။ အကျည်းတန်မှု များ ထပ်မံ မမြင်ရတော့။

World Wild Channel အစီအစဉ်မှာ ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ်စားသောက် ရက်စက် သော အနိဋ္ဌာရုံက ပါလာတတ်မြဲမို့ သူက သည်အစီအစဉ်ကို မနှစ်သက် သော်လည်း မမြင်ချင် လည်း မြင်နေရ၊ မကြည့်ချင်လည်း ကြည့်နေရသည်ဆိုတော့ တစ်ခါတစ်ရံမှာ မျက်စိစုံမှိတ် ခေါင်းငုံ့ လျက် အာရုံကို လွှဲဖယ်နေမိသည်။ ကြည့်မိ၊ မြင်မိသည့် ခဏမှာ တော့ တောင်ဆိတ်လေးများ ကို အားမလို အားမရ ဖြစ်နေတတ်သည်။

## ၂။ (ခ)

Fax ဖြင့် ဝင်လာသော ရုံးစာတစ်စောင်က စာပေးစာယူမှတစ်ဆင့် အမှု ထမ်းဌာန၊ အဲသည်မှတစ်ဆင့် ဌာနခွဲစာရေး နှင့် ရုံးအုပ်တို့ကို အဆင့်ဆင့်ဖြတ်ပြီးနောက် ရုံးလုလင်လေးက သူ့ဆီ လာပေးတော့ စာရွက်မှာ တံဆိပ်တုံးတွေ ဗရပွ ဖြစ်နေပြီ။

စာအမှတ်၊ ရက်စွဲတို့ကို ခပ်လျှမ်းလျှမ်းဖတ်ပြီး အကြောင်းအရာကို ဖတ်မိတော့မှ သူ မျက်မှော င်ကြုတ်မိသွားတော့သည်။

မျက်ခုံးထူထူများ အောက်သို့ ကွေးညွတ်။ အကြောင်းအရာအောက် စာကိုယ်ကို တစ်လုံး ချင်း၊ တစ်ပိုဒ်ချင်း ဖတ်သည့်အခိုက်မှာ သူ့ရင်ထဲ ဆို့ဆို့နင့်နင့် ဖြစ်သွားလေသည်။

. . . ၏ တိုင်စာအရ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ။ သို့ ဖြစ်၍ တရားမဝင် ငွေကြေး အပိုတောင်းခံသော အငယ်တန်းစာရေး ဦးဝင်းကိုလတ် အား ရာထူးမှ ချထားလိုက်သည်။ ဌာနဆိုင်ရာ စစ်ဆေးမှု အတွက် ဥက္ကဋ္ဌ ဦး - - - - - - - - - - - - -၊ အဖွဲ့ဝင် (၁) ဦး - - - - - - - - - - - - -နှင့် ဦး - - - - - - - - - - - - - တို့ဖြင့် ဖွဲ့စည်းလျက် - - - - - - - - - - - - - နေ့ နောက်ဆုံးထား စစ်ဆေးအစီရင်ခံစာ ပေးပို့ရန် ညွှန်ကြားလိုက်သည်။

စုံစမ်းစစ်ဆေးမှု အဖွဲ့ဝင်အ ဖြစ် သူ ပါရဦးမည် ။ သူ သက်ပြင်းမောချပြီး ခေါင်းအမော့မှာ တီဗွီဆီသို့ အကြည့်ရောက်သည်။

## ၃။ (က)

သည်တစ်ခါ မြင်ကွင်းက သမင်လေးတွေ ပဲ ဖြစ်သည်။ သမင်ဖို၊ မ၊ သမင်ငယ်လေးများ ။ ချိုတကားကားဖြင့် သမင်ဖိုကြီးတွေ က ကြည့်လို့တော့ ကောင်းသည်။ ခမ်းခမ်းနားနား၊ မားမား မတ်မတ်၊ ဝင့်ဝင့်ကြွားကြွားမို့ တော၏ အရောင် အသွေး စိမ်းမြမြနှင့် လိုက်ဖက်လွန်းသည်။ မြက်နု လေးတွေ ၊ သစ်ရွက်နုလေးတွေ ကို အေးချမ်းစွာ စားနေသည်ကိုက အပူအပင် ကင်းစွာ ။ သမင်ငယ် လေးတွေ မြူး ထူးခုန်ပေါက်နေပုံက ချစ်ဖို့ကောင်းသည်။ အပြစ်ကင်းမဲ့သော တောကောင်ငယ်လေး တွေ ၏ လှုပ်ရှားမှု က အဟန့်အတား မရှိတော့ပြီဆိုတော့ လွတ်လပ်စွာ မြူး ထူးပျော်ပါးနေသည်ကို တွေ့ရသည်။ သူတို့ သစ်ရွက်နု၊ မြက်စိမ်းနုနုလေးတွေ ကို စားနေစဉ်မှာ ကျား၊ ခြင်္သေ့၊ ကျားသစ် စသည့် သားစားကြူး သော တောကောင်ကြီး တစ်ကောင်ကောင်၊ သို့ မဟုတ် တောခွေး၊ ခွေးအ အုပ်စုများ ပေါ်လာမလားဟု စိတ်တထင့်ထင့်ဖြင့် ကြည့်နေမိသည်။ တောကောင်ငယ် သမင်လေး တွေ ၏ အနံ့ခံအာရုံမှာ ဘာမှမရှိဟန် ဖြစ်ပေါ်နေပုံရသည်။ လှုပ်လှုပ်ရှားရှား မရှိ။ အန္တရာယ်အနံ့ မရဟု ထင်ပါသည်။ ချစ်စရာ သမင်အုပ်စုလေး အစာဝပြီထင့်။

ရေချောင်းလေးဆီ တရွေ့ရွေ့ ချဉ်းကပ်လာသည်။

ဟော . . . ငြိမ်သက်နေသဖြင့် သစ်တုံးဟု ထင်မှတ်မှား ရသော မိကျောင်းတစ်ကောင်။ တော်တော် ကို ကြီးပါသည်။ ဘုရား . . . ဘုရား သမင်လေးတစ်ကောင်ကောင်တော့ ပါသွားတော့ မှာ လား။ သူ စိုးရိမ်ကြီးစွာ ကြည့်နေမိသည်။

"ဟော့ . . . မင်းတို့ရဲ့ ရန်သူ ရေထဲမှာ ၊ သစ်တုံးယောင်ဆောင်နေပြီ၊ အမြီးတစ်ချက် ယမ်းလိုက်တာနဲ့တင် ရေထဲ မိုင်းခနဲ ပစ်ကျပြီး အလျားရှည် ပါးစပ်ကြီးရဲ့ ချွန်မြထက်ရှတဲ့ သွားတွေ အောက်မှာ ပွဲသိမ်းသွားလိမ့်မယ်။ သတိ . . . သတိထား၊ ရေလယ်ထိ မဆင်းနဲ့"

၃။ (ခ)

ဝင်းကိုလတ်အား ရာထူးချ ရုံးစာထုတ်ဖို့ ထုံးစံအတိုင်း တစ်ဆင့်ချင်း လက်လွှဲလျက် စာကြမ်းတစ်စောင် သူ့ဆီ ရောက်လာသည်။ စာကြမ်းဖတ်ပြီး လိုဖြည့်၊ ပိုဖြုတ်၊ သတ်ပုံသတ်ညွှန်း ပြင်ပေးပြီး လက်မှတ်တို ထိုးပေးတော့ စားပွဲအသီးသီးသို့ တစ်ဆင့်ချင်း ပြန်သွားကာ နောက်ဆုံး ကွန်ပျူတာရိုက်ပြီး သူ့လက်ထဲရောက်တော့ ရုံးပင် ဆင်းလုပြီ။ ဝင်းကိုလတ် သိထားပြီး ဖြစ်မည် ။ မျက်စိမျက်နှာ ပျက်နေပြီ။ ကျန်ဝန်ထမ်းများ ကလည်း သိထားပြီး ဖြစ်ပုံရသည်။ ဒါမျိုးက ချက်ချင်း သတင်းပြန့်လွယ်သည်ပဲ။

"အင်း . . . လုပ်ပေးရမှာ ပေါ့၊ သိတယ် မဟုတ်လား"

"ဒီတစ်ခါတော့ ဆင်တစ်ကောင် လုပ်ပါနော်"

"ခက်ခက်ခဲခဲ လုပ်ပေးရမှာ ဗျ . . . အိုကေ . . . အိုကေ"

"ရေလေးတော့ လောင်းခဲ့ပါဦး အစ်မကြီးရာ"

ကြားနေကျအသံများ ငြိမ်ဆိတ်သွားသည်။ အထိတ်တလန့် ဖြစ်သွားကြပြီ ထင်သည်။

ရုံးအဆင်းမှာ တော့ ခါတိုင်းလို ကျွက်စီကျွက်စီ မဟုတ်တော့ဘဲ စကားတို့ ဆွံ့အလျက်။ ဝင်းကိုလတ် ကတော့ နောက်တစ်နေ့ ရုံးလာတက်စရာ အကြောင်းမရှိတော့ပြီ။ စုံစမ်းစစ်ဆေး အရေး ယူမှု မပြီးမချင်း နေရပေဦးမည် ။ လာဘ်ပေးလာဘ်ယူ ပပျောက်ရေး အလေးထား ဆောင်ရွက်နေသော ကာလ၊ အဂတိ ပပျောက်ရေး ကို အစွမ်းကုန် ဆောင်ရွက်နေသော ကာလ၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကာလမှာ ဝင်းကိုလတ်အဖို့ အဆိုးဆုံး အနေအထားကိုသာ ငံ့လင့်နေလိမ့်မည် ထင်သည်။ တိုင်ကြားသူက အပိုင်ချည်ပြီး တုပ်ပြီး မလှုပ်သာ၊ မလူးသာ အနေ အထားကို ဆုပ်ကိုင်ထားသည်။ ဝင်းကိုလတ် ရုန်းထွက်ဖို့ မစွမ်းသာဟု သူ ထင်သည်။

## ၄။ (က)

သူ့စိုးရိမ်ပူပန်မှု ဖြင့် သမင်အုပ်စုကို ဟန့်တား၍ ရပါက ဟန့်တားလိုက်ချင်ပါသည်။ TV အစီ အစဉ် ရိုက်ကူးသူတို့၏ နှလုံးသားကို သူ အံ့ဩနေမိသည်။ ဒါဟာ ဖျော်ဖြေမှု လား၊ ဒါမှမဟုတ် အကြင်နာ ကင်းမဲ့တာလား၊ သူ ဝေခွဲရခက် တွေ းဆနေဆဲမှာ ပဲ ရေချောင်းကလေးက ရေစက် ရေမှု န်တို့ ဖွာခနဲ ဖြစ်ပြီး ဝရုန်းသုန်းကား ဖြစ်သွားတော့သည်။ အတင့်ရဲတာလား၊ ရှေ့က ဦးဆောင် တာလား၊ သတိကင်းမဲ့တာလား မသိ။ သမင်ဖိုကြီးတစ်ကောင်၏ လည်ပင်းက မိကျောင်းကြီး၏ အလျားရှည်ပါးစပ်ထဲမှာ မလွတ်တမ်း ဖြစ်နေပြီ။ ရုန်းရင်းကန်ရင်းမှာ ပဲ ချောင်းငယ်လေး၏ ရေပြင်က သွေးခြင်းခြင်း နီသွားတော့သည်။ ကျန်သော သမင်တို့ ရေချောင်းလေးကနေ ကုန်းပေါ် သို့ ကြောက်လန့်တကြား သူ့ထက်ငါ ဦးအောင်တက်ရင်း အလုအယက် ပြေးနေကြသည်။

တော၏ အရောင် ၊ အရိပ်တို့ကား အကျည်းတန်သွားပြန်လေပြီ။

## ၄။ (ခ)

ဌာနခွဲပေါင်းစုံအတွက် လိုအပ်သော စာရေး ကိရိယာများ ထုတ်ပေးရသော

သူနှင့် ရာထူးတူ သိုလှောင်ရုံ အကြီးအကဲ ဒေါ်ချောချောကို ထိန်းသိမ်းလိုက်ပြီး ၎င်း၏ အိမ်ကိုပင် ချိပ်ပိတ်လိုက်ပြီ ဆိုတော့ သူတို့တစ်ရုံးလုံး တီးတိုးတီးတိုး သဖန်းပိုး ဖြစ်ကုန်ကြသည်။

"နောက်တောင် ကျနေသေး၊ စောစောကတည်းက လုပ်ရမှာ "

"သားသမီးတွေ ကို စင်ကာပူမှာ ကျောင်းထားတဲ့အဆင့်ဆိုတော့ ဘယ်လောက် ဝိုက်ထား မှန်းမှ မသိတာ"

"ဒါလည်း တိုင်တဲ့သူ ပေါ်လာလို့ လုပ်ရတာ နေမှာ ၊ နို့မဟုတ် ဝေးသေး"

"ဒေါ်ချောချော နောက်မှာ ၊ ရှေ့မှာ အများ ကြီး တစ်နွယ်ငင်တစ်စင်ပါ ရှုပ်ကုန်မှာ ပဲ"

စကားသံများ ကတော့ သွေးပူစမှာ ပျံ့လွင့်လို့နေသည်။ သူတို့တစ်ရုံးလုံး မျက်နှာတွေ မကောင်းကြ။ လေးညို့ သံတွေ ကြားမှာ နေရမှတော့ ညောင်သီးစားရဖို့ ကြောက်ရွံ့နေသည့် ငှက်ကလေးတွေ လို ဖြစ်နေကြပြီဟု သူက တွေ းနေမိသည်။

## ၅။ (က)

ယုန်ကလေးတွေ ၊ ချေငယ်လေးတွေ ၊ သမင်လေးတွေ ၊ ဒရယ်လေးတွေ ၊ တောဆိတ်၊ တောင်ဆိတ် စသည့် တောကောင်ငယ်လေးတွေ က လိုအပ်သော အာဟာရအတွက် သစ်သီး၊ သစ်ရွက်၊ မြက်ခင်းနုနုလေးတွေ နှင့် စမ်းချောင်းရေအိုင်လေးတွေ ဆီ အချိန်တန်တော့လည်း ရောက်လာရတာ ပဲ ဖြစ်သည်။

သားစားကြူး သော ကျားရဲ၊ ခြင်္သေ့၊ မိကျောင်းတို့၏ ရန်ကို ရှောင်ရင်း တိမ်းရင်း၊ ကံဆိုးသူ ကျန်ရစ်ရင်း၊ တော၏ ဂေဟစနစ်က သည်အတိုင်းပဲ ဖြစ်နေပါလိမ့်မည် ။

## ၅။ (ခ)

"အမြန်ဆုံး ကျအောင် တင်ပေးမယ်နော်၊ ဆရာသမားကိုပါ ကန်တော့ရမှာ

ဆိုတော့ . . . ”

“လမ်းစရိတ်လေးပါ ထည့်ပေးလေ၊ လက်ဖက်ရည်ဖိုးလောက်သာဆိုရင် နည်းနေမှာ ပေါ့”

“သဘောပေါက်ပါတယ်နော်၊ ဝန်ဆောင်မှု ဆိုတာကို”

“ကျွန်တော့်အဆင့်နဲ့ မပြီးဘူး၊ အဆင့်တွေ အများ ကြီး ဖြတ်ရဦးမယ်”

သူ့ရုံးဝန်ထမ်းများ က ကြည့်ရင်း ကြည့်ရင်းမှာ ပင် သမင်လေးတွေ ၊ ချေငယ်လေးတွေ ၊ တောင်ဆိတ်လေးတွေ နှင့် တူပဲ တူနိုင်လွန်းသည်ဟု သူက ထင်နေမိလေသည်။ သူကကော ခုခံ နိုင်စွမ်းရှိသည့် ချိုကားကားနှင့် တောကျွဲလောက်တော့ ဖြစ်နေမလား။ တောကျွဲလည်း အကြောက် အရွံ့မဲ့ အစာငမ်းငမ်းတက် ဖြစ်ပြီး သတိကင်းလွတ် သင်းကွဲ ဖြစ်ချိန်မှာ သားကောင်ကြီး (၂) ကောင်၊ (၃) ကောင် ညှပ်လျက် တိုက်ခိုက်လျှင်တော့ . . .။

သူ . . . ကြက်သီးမွေးညှင်း ထသွားလေသည်။

*

လိုအင်ဆန္ဒအတွက် အချိန်တန်တော့လည်း . . .။

တစ်ခုတော့ ရှိသည်၊ လူနှင့် တိရစ္ဆာန်မှာ လူက လောဘနှင့် ပိုမိုယဉ်ပါးနေတတ်ပါသည် လေ။

စရဏာမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၂။

*

# ညှော်ခန်းဆောင်မှာ

တက္ကသိုလ်မှာ တစ်မေဂျာတည်း ဖြစ်ပြီး စုစုပေါင်း ကျောင်းသားတစ်ရာသာရှိသည့် ဘူမိဗေဒမေဂျာ ဆိုတော့ ခင်မင်မှု သံယောဇဉ်များ က တခြားမေဂျာက သူငယ်ချင်းများ ထက် ပိုပါ လိမ့်မည် ။ စာသင်ခန်းထဲတွင် သာ မဟုတ်ဘဲ ကွင်းဆင်းခရီးတွေ မှာ ပါ အမိုးတစ်ခုတည်းအောက် ပူးပူးကပ်ကပ် အိပ်စက်ခဲ့ကြသော သူငယ်ချင်းတွေ ၊ ကွင်းဆင်းတောလမ်းခရီးမှာ လမ်းပျောက်ပြီး ရေပြတ်၊ အစာပြတ် ဖြစ်ခဲ့သည့်အခါ တစ်ယောက် ကို တစ်ယောက် လက်တွဲ ဖေးမ ကူညီခဲ့တဲ့ သူငယ်ချင်းတွေ ၊ ကျောင်းပြီးသွားတော့လည်း တစ်ယောက် ဒေသ တစ်ယောက် အလည်သွားဖြင့် ဆက်ဆံရေး အမျှင်ကို မပြတ်စေခဲ့သော သူငယ်ချင်းတွေ ။

သို့ ပေမဲ့ ကိုသိန်းဝင်းရဲ့ ရွှေဘို-ကျောက်မြောင်းကိုတော့ မန္တလေးနဲ့နီးပါလျက် မရောက် ဖြစ် ခဲ့။ နောက် သူလည်း ကျူရှင်ဆရာ ဖြစ်၊ အရေး အခင်း ဖြစ်ပြီး ကျောင်းတွေ ပိတ်တော့ ကျူရှင်ဘဝ ရပ်တန့်၊ အဖေ ပင်စင်ယူတော့ အဖေသံယောဇဉ် ဖြစ်လွန်းတဲ့ မီးရထားထဲ အလုပ်ဝင်၊ ရုံပိုင် ဖြစ်၊ ဟိုပြောင်း ဒီပြောင်း၊ ပြောင်းပြီး နှစ် အစိတ်ကြာတဲ့အခါမှာ ရန်ကုန်ဘူတာကြီးမှာ တာဝန်ကျ။

အဲသည် နောက်မှာ တော့ သူနဲ့ သူငယ်ချင်း အတော် များများ ပြန်ဆက်သွယ် ဖြစ်တော့ သည်။ ရန်ကုန် ဆိုတာကလည်း စီးပွားရေး မြို့ တော် ဆိုတော့ သူသူငါငါ အရောက်အပေါက် များ သည်။ သူငယ်ချင်းတွေ ပြန်ချိတ်မိကြပြီဆိုတော့ (၂၀၁၀) မှာ သူတို့သူငယ်ချင်းတွေ ကျောင်းပြီး ဘွဲ့ရနှစ် (၃၀) ပြည့် ပုလဲရတု အထိမ်းအမှတ် တွေ့ ဆုံပွဲလေး လုပ် ဖြစ်တော့သည်။

သည်မှာ တင်ပဲ ကိုသိန်းဝင်းနဲ့ ပြန်ဆုံ ဖြစ်ပါသည်။ ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့ လေးမှာ နေခဲ့သော ကိုသိန်းဝင်းက သူ မျှော်လင့်မထားသော ၊ တွေ းပင် မတွေ းမိသော သင်္ဘောဆယ်ယူ သည့် လုပ်ငန်းလုပ်သည်ဆိုတော့ အံ့သြလို့မဆုံး။

“သဘော်ာဆယ်တဲ့အလုပ်နဲ့ ဘူမိဗေဒဘာသာရပ် လားလားမျှမဆိုင်တာပါဗျာ။ ကျွန်တော် တို့လည်း မဆိုင်တာတွေ လုပ်နေတာပါ။ ဒါပေမဲ့ ခင်ဗျားအလုပ် ကတော့ တော်တော် တန်တန် မလွယ်ဘူး မှတ်တယ်။ ဘယ်လိုများ လေ့လာလိုက်တာလဲဗျာ”

“အဖေ့ကို ဝင်ကူရင်း ဒီအလုပ်ကို စိတ်ဝင်စားသွားတာ။ စွန့်စားမှု ပါတယ်၊ ဇွဲသတ္တိ ပါတယ်၊ နည်းပညာ ပါတယ်။ သဘာဝ တရားကြီးနဲ့ ဉာဏ်ရည်ချင်း ယှဉ်ပြိုင်ရတာ ဆိုတော့ မိုက်တယ် ကိုရဲရ”

ကိုသိန်းဝင်းက သူ့ပင်ကိုဟန်အတိုင်း အားပါးတရ ပြောပြနေပုံက တကယ့်ကို အောင်နိုင်သူ စစ်ဗိုလ်ချုပ်ကြီးပုံစံ၊ အနက်ရောင် တံဆိပ် ဝီစကီပုလင်းကနေ ဖန်ခွက်ထဲ အနေတော် ထည့်၊ ရေခဲ ထည့်ပြီး ဖန်ခွက်လေးကို လှုပ်နေပုံကိုက ဆုံးဖြတ်ချက်တွေ ကို တည်ငြိမ်ပြတ်သားစွာ ချခဲ့နိုင်တဲ့ အရည်အချင်း ရှိသူ တစ်ယောက် ရဲ့ ပုံရိပ်မျိုး ထင်ဟပ်နေသည်ဟု သူက ကောက်ချက်ချနေမိသည်။

“ကျွန်တော် သဘော်ာဆယ်တာ နိုင်ငံတော် က ချီးမြှင့်တဲ့ လူမှု ထူးချွန်ဆုတောင် ရပြီးပြီ”

“ထူးချွန်ဆုတင်လား၊ ပိုက်ဆံတွေ လည်း အများ ကြီး ရတာ ပဲ မဟုတ်လား”

သူ့ဟာသက ရိုးရှင်းပေမယ့် ကိုသိန်းဝင်းသာမက စားပွဲဝိုင်းတစ်ခုတည်းရှိ သူငယ်ချင်းများ ကပါ ရယ်မောနေသည်။

“အမှန်က အများ ကြီးကို ရရမှာ ၊ ကျွန်တော် က ရေအောက်မှာ နစ်မြု ပ်နေတဲ့သဘော်ာကို အောင်အောင်မြင်မြင် ဆယ်ပြီးရင် ပီတိ ဖြစ်သွားတာကိုး။ သဘော်ာကို ပေးတဲ့ ဈေးနဲ့ ပြန်ရောင် း တော့ ကုန်ကျတဲ့ အရင်းရပြီး အလုပ်သမားခတွေ ပေးနိုင်ရင်ကိုပဲ ကျေနပ်နေတော့တာ။ အမှန်က သဘော်ာကို ပြင်ဆင်ပြီး ရောင် းရမှာ လေ။ မြစ်ဝကျွန်းပေါ်က လူတွေ ပဲ အများ ဆုံးဝယ်ကြတာပါ။ ဒါကြောင့် လည်း ဒီမောင်တွေ သူဌေး ဖြစ်ပြီး ကျွန်တော် တို့သာ ယောင်ပေပေ ဖြစ်ကုန်တာ”

သူ့အပြောက မချိတင်ကဲပုံစံ မရောက်၊ စီးပွားမရှာတတ်တာကိုပဲ

ရယ်ရယ်မောမော ပြောပြ နေသည်။ တစ်ခါက သူတို့ကျောက်မြောင်းအနီး မြစ်ထဲက သင်္ဘောဆယ်တော့ မီးခံသေတ္တာကြီး တစ်လုံး ပါလာတော့ ပွဲပြီးဆိုပြီး တပည့်တပန်းတွေ ရှေ့မှာ ပဲ မီးခံသေတ္တာကို ခက်ခက်ခဲခဲ ဖွင့်ခဲ့ သည်။ မီးခံသေတ္တာထဲမှာ က သင်္ဘောစီးလက်မှတ်တွေ သာ ပါပြီး ရွှေတိုရွှေစ ဆိုလို့ မျက်ပါးရပ်က ခတ်သည့် ရွှေပါးပါးလောက်ပင် မတွေ့ရကြောင်း ပြောပြတော့ သူငယ်ချင်းအားလုံးက ပြက်လုံး တစ်ခု ကြားလိုက်ရသလို ဖြစ်ပြီး ရယ်မော ဖြစ်ပြန်သည်။

ကျောက်ဆည်သား သူငယ်ချင်း ကိုကိုထွေးက "မယုံသေးဘူး၊ မင်းစီးတဲ့ ပရာဒိုကြီးက သက်သေထူနေတယ်" ဆိုတော့ ကိုသိန်းဝင်းက လက်နှစ် ဖက်ဖြန့်ထုတ် တယမ်းယမ်းဖြင့် ငြင်းနေ တာကိုက ပိုဟားစရာ ဖြစ်လို့နေသည်။

"ကိုထွေးရာ၊ မင်းလုပ်တာနဲ့ ရှေးဟောင်းသုတေသနက ငါ့လာပြဿ နာရှာနေဦးမယ်၊ ပရာဒိုက ငါ့ဟာ မဟုတ်ပါဘူးကွာ၊ အဖေ့ကားပါ၊ ငါက ခပ်တည်တည် ယူစီးနေတာပါကွာ"

"ကဲပါ ကိုသိန်းဝင်းရယ်၊ သင်္ဘောကိစ္စ ရှင်းမနေပါနဲ့တော့၊ လက်ထဲရှိတဲ့ ဖန်ခွက်ထဲကဟာ ကိုသာ ရှင်းပါတော့"

သူက သူ့ဖန်ခွက်နဲ့တွေ Cheer လုပ်တော့ ဖန်ခွက်ချင်း ထိသံတွေ ပြို င်ထွက်လာပြီး သူတို့ စကားဝိုင်းလေး ပြည့်စီသွားသည်။ တွေ့ဆုံပွဲအပြီး နှုတ်ဆက်ခွဲခွာ ကတော့ အလည်လာကြဖို့ အပြန်အလှန် ဖိတ်ကြားကြတာကလည်း လွန်ခဲ့သော နှစ် (၃၀) ကိုပင် အမှတ်ရနေစေသည်။

*

အခုတော့ ကိုသိန်းဝင်းတို့ရဲ့ ရွှေဘို-ကျောက်မြောင်းအရပ်ကို ဆိုက်ဆိုက်မြိုက်မြို က် ရောက်လာ ဖြစ်ပြီ။

ဖန်ချက်ဝန် ဦးရွှေအိုး အထိမ်းအမှတ် "ရွှေအိုး" စာကြည့်တိုက်ဖွင့်ပွဲ စာပေဟောပြောပွဲမှာ ပြောဟောဖို့ ဆရာညီပုလေး၊ ဆရာဆူးငှက်တို့နှင့် အတူ ဖိတ်ကြားခံရတာ ပဲ ဖြစ်သည်။ ရွှေဘို ဆိပ်ခွံအလှူပွဲ အောင်ပွဲအ ဖြစ် ရှားရှားပါးပါး ပြု လုပ်သော စာပေဟောပြောပွဲကအပြန် ရွှေဘို-ကျောက်မြောင်းပွဲ ဆက်တာပဲ ဖြစ်သည်။

ကိုသိန်းဝင်းက သူ့ပရာဒိုကားကြီးဖြင့် ဆိပ်ခွံကို လာကြိုပြီး သူ့တိုက်အိမ်လေးဆီ ခေါ်လာခဲ့ သည်။ ကျွန်တော် တို့ စာရေး ဆရာ (၃) ယောက် ကို သူ့အိမ်အပေါ်ထပ်မှာ တည်းခိုဖို့ စီစဉ်တာပဲ ဖြစ်သည်။

သူ့နှစ် ထပ်တိုက်လေး၏ အောက်ထပ်ဧည့်ခန်းမှာ ထိုင်တော့ ၆၀စ တီဗွီအကြီးကြီးမှာ စလောင်းသတင်း လာနေသည်။ ရွှေငါးကန်လေးမှာ ရွှေငါးလှလှလေးတွေ လူးလာခေါက်တုံ့ ရေကူးနေသည်။ ဆက်တီစားပွဲပေါ်ရှိ နွယ်ငြိမ်းရွှာထွက် စဉ့်ပန်းအိုးလေးက အနုပညာမြောက်လှ သည်။ တယ်လီဖုန်းစင်လေးအထက်မှာ ရေဆေး၊ ဆီဆေး ပန်းချီကားနှစ် ချပ်။ ရေဆေးကားက မြစ်ဆိပ်တစ်ခုရဲ့ အရောင် ၊ အရုပ်တွေ ၊ ဟိုးဝေးဝေးမှာ က စက်လှေလေးတွေ ၊ သူက ပန်းချီသဘော တရားတွေ ကို စေ့စေ့ငှ မသိပေမယ့် မျက်စိထဲ၊ ရင်ထဲစွဲနေသည့် ပန်းချီကားအ ဖြစ် ခံစားမိသည်။ နံဘေးရှိ ဆီဆေးကားကလည်း ရင်ထဲရောက်တာပါပဲ။ မီးရောင် လေးတွေ ဟိုတစ်စ သည်တစ်စနှင့် ည၏ တိတ်ဆိတ်မှု ၊ လှု ့ဝှက်မှု အားလုံး ဖွဲ့စည်းထားသလား ထင်ရလောက်သည့် ပန်းချီကားလေး ပါပဲ။ အနုပညာ၏ အားများ နှင့် တစိမ့်စိမ့် ကြည့်မဝသည့် ပန်းချီကားတွေ ပဲ ဖြစ်သည်။

ခေတ်မီအသုံးအဆောင်၊ မျက်စိပသာဒ ဖြစ်စရာတွေ ထဲမှ ထူးထူးဆန်းဆန်းကြီးဖြင့် ကြည့်ရဆိုးနေတာ ကတော့ ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင် အခန်းဖွဲ့နံရံက ဆေးရေး ပုံကြီးပဲ ဖြစ်သည်။

လမ်းဘေးမှာ ရောင် းတမ်းဆွဲသော ပန်းချီကားမျိုး၊ ပုံနှိပ်မင်၊ သင်္ဘောဆေးတို့ကို ဝါးခြမ်း ပြားနှင့် အတုံးလိုက် အတစ်လိုက် တဲအိမ်၊ ရေ၊ ငှက်၊ တောင် ဖော်မြူလာကျ ဆွဲထားသည့် တရုတ်ပြည်ကလာသည့် ပိုစတာလို အရောင် အရုပ် စုပြုံထည့်ထားသည်မို့ အနုပညာ မရှိ။ ပိုဆိုးတာက ကနုတ်ပန်းရွှေရောင် တွေ နှင့် ဘောင်ကွပ်ထားသေးသည်။

အရောင် တွေ ပြူး တူးပြတဲ ပန်းချီကားထဲက စမ်းချောင်း၊ ငှက်၊ တောင်၊ သစ်ပင်တွေ က ပန်းချီအနုပညာကို ရေး ရေး မျှ နားမလည်သော ကလေးငယ် တစ်ယောက် ဝင်ဆွဲပင်လျှင် သာလိမ့်ဦးမည် ထင်သည်။

ထုံးစံအတိုင်းပါပဲ အားမနာ လျှာမကျိုး ပါးစပ်ဘရိတ် မပါသော ကျွန်တော် က ဝေဖန်ချက် ပေးနေမိသည်။

"ကိုသိန်းဝင်းရာ၊ ဧည့်ခန်းကြီးမှာ ဒီပုံကြီးကို ဘယ်သူ လာဆွဲသွားတာတုံး၊ အလွန် အနုပညာ မမြောက်တဲ့ ပုံကြီးဗျာ။ ကြည့်ရဆိုးလိုက်တာ"

"ကိုရဲရေ၊ ပြောရရင် အရှည်ကြီး၊ ဒီတိုက်ဆောက်ပြီး ဆေးသုတ်မယ်ဆိုတော့ ကိုသိန်းဝင်း တို့ ငယ်ဆရာက အလုပ်တောင်းတယ်လေ။ ပင်စင်ယူစဆရာဆိုတော့ ကိုသိန်းဝင်းက အားနာ ပါးနာနဲ့ အလုပ်အပ်ရတော့တာပေါ့။ အဲဒါ ဆေးသုတ်ပြီး ဒီပုံကြီး ဆွဲတော့တာပဲ"

ကိုသိန်းဝင်းကတော် ဆရာမ မခင်မာကြည်ကလည်း မထူးပါဘူး။ ကိုသိန်းဝင်းလိုပါပဲ။ ရယ်ရယ်မောမောနဲ့ အားပါးတရ ပြောလို့နေသည်။

"မင်း သိပါတယ်၊ အုတ်နံရံမှာ ဒီလို ပန်းချီကားကြီးဆွဲရင် အနည်းဆုံး ၄၊ ၅ သောင်းပေးမှ ရမှာ ။ ငါက မေတ္တာနဲ့ ပညာပေါင်းပြီး မင်းတို့တိုက်ကို အလှဆင်လိုက်တာ ဆိုပြီး လက်စွမ်းပြသွား တာပါပဲ ကိုရဲရယ်"

"ဟာဗျာ ဒီပုံကြီးများ . . . ပြန်ဖျက်လိုက်ပေါ့ဗျာ။ ဆေးတစ်ထပ် ထပ်သုတ်လိုက်ရင် ပျောက်သွားမှာ ပါ"

သူ့ဝေဖန်အကြံပြုချက်ကို လင်မယားနှစ် ယောက် လုံးက ရယ်စရာ ပြောနေတယ်လို့များ အောက်မေ့နေလား မသိ၊ ရယ်လို့သာ နေသည်။

"ကိုရဲလိုပဲ အိမ်လာတဲ့ ဧည့်သည်တိုင်း ပြောပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော် တို့ ဒီပုံကြီး မဖျက် ဖြစ်ဘူး။ ဘာလို့လဲသိလား၊ အဲဒီ ဆရာကြီးက ညနေတိုင်း အိမ်အလည်လာပြီး

သူ့ပန်းချီပုံကြီး ကို တစိမ့်စိမ့် လာလာကြည့်တာဗျ၊ ဖျက်လိုက်လို့ မ ဖြစ်ပါဘူးဗျာ။ ဖျက်လိုက်ရင် ဆရာနဲ့ ကျွန်တော် တို့ ဆက်ဆံရေး ပြောင်းလဲကုန်မယ်။ ဖျက်တာနဲ့ မဖျက်တာမှာ မဖျက်တာက ပိုပြီး နားအေးလိမ့်မယ်လို့ ထင်တာပဲဗျာ၊ မတတ်နိုင်ဘူး ကိုရဲရေ . . . သူ့တစ်သက်တော့ ဒီပုံကြီး ထားရဦးမှာ ပေါ့ဗျာ”

ကိုသိန်းဝင်းက ရှည်ရှည်လျားလျား ရှင်းပြတော့ ကျွန်တော့် မှာ သက်ပြင်းမောသာ ချဖြစ် တော့သည်။

“ဒီလိုပါပဲ ကိုရဲရေ၊ အရာရာအကြောင်းကြောင်းကို ထောက်ရှုပြီး အဲဒီ နံရံကလို ဘယ်လိုမှ အလှတရားမရှိတဲ့ အရာတွေ ကို ကျွန်တော် တို့ ဧည့်ခန်းဆောင်တွေ မှာ ထားနေရဆဲပဲ မဟုတ်လား”

ကိုဆူးငှက်ရဲ့ တိုးဖွဖွ စကားသံမှာ အဓိပ္ပာယ်မျိုးစုံ စွက်ဖက်လို့ နေသည်။

“ဟော . . . ပြောရင်း ဆိုရင်း ဆရာကြီးတောင် ရောက်လာပြီ”

မခင်မာကြည့်ပြောတော့ ကျွန်တော် တို့အားလုံး အိမ်ခြံတံခါးဝကို လှမ်းကြည့်မိသည်။ ခြေလှမ်းကို ရွေ့ရုံလေး လှမ်းလာနေသော ဆရာကြီးက ဧည့်သည် ကျွန်တော် တို့ကို စိတ်မဝင်စား၊ သူ့မျက်လုံးအကြည့်က မျက်မှန်ကို ဖောက်ထွက်ပြီး နံရံဆီက ရှုခင်းပုံကြီးဆီမှာ သာ ရှိနေလေ သည်။

အို . . . နှုတ်ခမ်းက တွန့်ကွေးလို့။

ကျွန်တော် ထင်ပါသည်၊ ကျေနပ်ပီတိ ဖြစ်နေသည့်အပြုံး ပဲ ဖြစ်ပါလိမ့်မည် ။

ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၂၀၁၂

*

ရထားထွက်ရန် (၅) မိနစ်၊

ရထားထွက်ပြီး (၅) မိနစ်

အမှတ် (၅) အဆန်ရထား တွဲ ဆိုင်း စကြော်ထိုးပြီ ဆိုတော့ တွဲ မှတ်စာရေး လေး ပေးလာတဲ့ တွဲ စာရင်းနဲ့ ချိတ်ဆက်ထားတဲ့တွဲ တိုက်ဆိုင်စစ်ဆေးဖို့ ဘူတာလုလင်လေးကို တာဝန်ပေးပြီး မျက်နှာချင်းဆိုင် နံရံမှာ ရှိတဲ့ နာရီကြီးကို ကြည့်မိတယ်။ (၂) နာရီ (၁၅) မိနစ်။ ညနေ (၃) နာရီ ထွက်မယ့် ရထားအတွက် စကြော်ရောက်ချိန်က ကွက်တိပါပဲ။

ဘရိတ်တွဲ ခေါ်တဲ့ နောက်ဆုံးတွဲမြှာ လပ်ဂိတ်ပစ္စည်းတွေ တင်ကြရဦးမယ်။ လပ်ဂိတ် ပစ္စည်းက တင်မယ်ဆို အနည်းဆုံး နာရီဝက်တော့ ကြာတယ်။ ပိဿ ၁ချိန် (၃၆၀၀) သာ ခွင့်ပြုထားတာဆိုတော့ စာရေး တွေ လည်း ပစ္စည်းများများ ပါအောင်၊ ကုန်ကျစ်၊ ကုန်ပွ မျှအောင် တင်ရ တာလေ၊ တန်ဆာလာအပ်တဲ့ ပစ္စည်းအကုန် သိမ်းကျုံးတင်လို့မှ မရတာ ။ သည်တော့ ကုန်တင်ဖို့ အတွက် အချိန်နည်းနည်း ပိုပေးရတယ်။ စက်ခေါင်းနဲ့ တွဲ ဆိုင်းချိတ်ပြီးတာနဲ့ ရထားထွက်လို့ မရသေးဘူး၊ စက်ခေါင်း (၂၀) ပဲ။ စက်ခေါင်းမောင်း အကူရယ်၊ တွဲ စစ်ရယ် တွဲ ချိတ်ဆက်တွေ ကောင်း၊ မကောင်း၊ ခိုင်မမြဲမှု ရှိ၊ မရှိ၊ လေဘားတွေ လုံ၊ မလုံ စစ်ဆေးကြရဦးမယ်။ ရထားတစ်စင်း ခရီးစ၊ ခရီးဆုံး အန္တရာယ်မရှိ အချိန်မှန်ဖို့ကို ဝန်ထမ်းတွေ ကတော့ တာဝန်ကျေထက် ပိုအောင် လုပ်ပေးလိုက် ကြတာပါပဲ။ ဒုတိယ ရုံပိုင်ချုပ်အဆင့် သူလည်း မနေသာဘူး။ ရထားမထွက်ခင် မိနစ် (၂၀) လောက်မှာ တစ်ကြိမ်၊ ရထားထွက်ခါနီး မှာ တစ်ကြိမ်တော့ ရထားကို စစ်ဆေးရတယ်။

စက်ခေါင်းမောင်း အကူက မပြီးနိုင် မစီးနိုင် ဖြစ်နေရင်တော့ -

“ကိုယ့်လူရေ၊ ရထား အချိန်မှန် ရအောင် သွက်သွက်လေး လုပ်လိုက်ပါဦး” ဆိုပြီး လေပျော့ ကလေးနဲ့ ဆော်ဩရတယ်။ မာမာပြောရင် သက ရွဲ့ပြီး ပိုကြာတတ်တယ်လေ။

လပ်ဂိတ်တင်တဲ့ နေရာလည်း လိုအပ်ရင်၊ အချိန်မီ မပြီးလောက်ဘူးထင်ရင် စာရေး တွေ ၊ အလုပ်သမားတွေ ကို သွားသတိပေးရသေးတယ်။ သတ်မှတ်ဝန်ချိန်ထက်

မပိုအောင်လည်း မမေ့ မလျော့ ပြောရတာ ပေါ့။

ဘယ်လိုပြောပြော စာရေး တွေ ကတော့ "ဟုတ်ကဲ့" ပဲ။ သူက အတွေ့အကြုံ အရ ပစ္စည်းပုံ မြင်တာနဲ့ ကုန်ချိန် ဘယ်လောက်ရှိမယ်ဆိုတာ ခန့်မှန်းတတ်နေပြီ။ ခွင့်ပြုပိဿ ၁ချိန်ထက် ပိုတင်လို့ ရထား မတော် တဆမှု ဖြစ်ရင် သူပါ ကြိုးကြပ်မှု အားနည်းတယ်ဆိုပြီး အပြစ်ဖူးခတ် အရေး ယူခံရနိုင် တယ်။ ခေါင်းဖျား ကတော့ ဘာ ဖြစ်မှာ မှတ်လို့၊ သူလိုအဆင့်တွေ ၊ သူတို့အောက်အဆင့်တွေ ပဲ ပေးဆပ်လိုက်ရတာ လေ။

သည်တော့ -

"မင်းတို့ဟာ များ နေပြီ၊ ငါ တန်ဆာနဲ့ တိုက်စစ်လိုက်ရမလား"

"မန္တလေးကို ဖုန်းဆက်ပြီး ပစ္စည်းတစ်ခုချင်း ချိန်ခိုင်းရမလား" ဆိုတဲ့ ဟိတ်လုံးတွေ နဲ့ လှန့်ရတာ ။ ကိုယ်တိုင် ဘယ်လိုလုပ် စစ်နိုင်၊ စောင့်ကြည့်နိုင်မှာ တုံး။ ဘာပဲပြောပြောပါ၊ အနည်း အကျဉ်းတော့ ပိုတင်မှာ ပါပဲ။ စာရေး တွေ ခမျာလည်း ဟိုစရိတ်၊ သည်စရိတ်တွေ က ရှိသေးတာ မဟုတ်လား။

*

(၂) နာရီခွဲမှာ လက်မှတ်သိမ်းတွေ ကို စကြိုဂိတ်တံခါးတွေ ဖွင့်ဖို့ ညွှန်ကြားမယ်ဆိုပြီး သူ ရုံးခန်းထဲက ထွက်လာတော့ ရုံးခန်းရှေ့တည့်တည့် တီဗွီ အမှတ် (၂) ရှေ့ ပလက်စတစ်ခုံလေးမှာ ထိုင်နေတဲ့ စုံတွဲလေးကို သတိထားမိသွားတယ်။ နှစ် ယောက် လုံး ကာကီရောင် ဘောင်းဘီဆင်တူ၊ စပို့ရှပ် အဝါရောင် ဆင်တူ။ ကောင်မလေး ဘောင်းဘီ ကတော့ ကျပ်သင့်တာထက် ပိုကျပ်တယ်လို့ ထင်ရတယ်။ ကောင်မလေးက ကောင်လေးပေါင်ပေါ် မျက်နှာမှော က်ထားတယ်။ ကျောပြင်က သိမ့်သိမ့်ခါနေတာဆိုတော့ ရှိုက်ရှိုက်ငိုနေတာပဲ ဖြစ်မယ်။ သည်မြင်ကွင်းမျိုးက အကြိမ်ကြိမ် မြင်နေရတာ မို့ သူ့အတွက် မဆန်းဘူး။ ခရီးသွားသူ၊ လိုက်ပို့သူတွေ ခမျာ မလွှဲမရှောင်သာလို့သာ သွားသူ သွား၊

ကျန်ရစ်သူ ကျန်ရစ် ဖြစ်ရတာ မဟုတ်လား။ ဘယ်ခွဲချင် ခွာချင်ပါ့မလဲ၊ ဒါကိုကပဲ ဘူတာရုံရဲ့ အရောင် အရိပ်ပဲလို့ သူက တွေးမိတယ်။ အခု စုံတွဲ လေးက အသက် (၂၀) မပြည့် သောက်ကြသေးဘူး။ သည်တော့ ချစ်သူရည်းစားပဲ ဖြစ်ကြမှာ ပေါ့။ သည်အရွယ်က ခံစားမှု ကို အလိုလိုက် လွန်းတယ်လေ။ ဒါကြောင့် လည်း လူတကာစုံတဲ့ ဘူတာရုံရဲ့ လူအများ ရှေ့မှာ တောင် မရှက်မရွံ့နိုင်တော့ဘဲ ပေါက်ကွဲမှု သံစဉ်တွေ ထုတ်ပြ၊ ပေါက်ကွဲပြနေကြတာ နေမှာ ပါ။

အခုဟာက ကောင်လေးက ရထားစီးမှာ လား၊ ကောင်မလေးက ရထားစီးမှာ လား၊ ဘယ်သူက ဘယ်သူ့ကို လိုက်ပို့တာလဲ။ ပဟေဠိလေးက သိပ်မကြာခင် အဖြေပေါ်မှာ ပါ။ ဂိတ်တွေ ဖွင့်ရင် ခရီးသည်တွေ စကြိုသံဆန်ခါထဲ ဝင်မယ်။ ပြီးရင် ရထားပေါ်တက်မယ်။ ဘယ်သူက ဘယ်သူ့ကို လိုက်ပို့တာလဲ ဆိုတာ အဖြေပေါ်ပြီပေါ့။

ဂိတ်တံခါးတွေ ဖွင့်တော့ ခရီးသည်တွေ လည်း သူတို့တွရှိရာဆီ ဝန်စည်စလယ် ဆွဲသူဆွဲ၊ အလုပ်သမားနဲ့ သယ်သူသယ် လှုပ်လှုပ်ရွရွ ဖြစ်သွားကြတာဆိုတော့ စောစောပိုင်းက စုံတွဲ လေးဆီ ရောက်နေတဲ့ အကြည့်တွေ ကို ရုပ်သိမ်းလိုက်ကြရပြီ။ စုံတွဲ လေး ကတော့ အေးဆေးပဲ၊ ကောင်မလေးကလည်း ငိုလို့ကောင်းတုန်း၊ ကောင်လေးကလည်း ညာဘက်လက်နဲ့ ကောင်မလေး ကျောပြင်ကို ပွတ်သပ်၊ ဘယ်လက်နဲ့ ဆံမျှင်လေးတွေ ကို ဆွဲဖွနဲ့ တကယ့်ကို အလွမ်းမီး တရှိန်ရှိန် တညီးညီး တောက်လောင်နေတော့တာပါ။

ကောင်လေးတို့စုံတွဲ ကို ထားရစ်ခဲ့ပြီး ခရီးသည် အဝင်ပါးတဲ့ ဂိတ်ပေါက်ကနေ ဝင်ရင်း တွဲ ဆိုင်းအခြေအနေကို သူ လိုက်ကြည့်တယ်။ တွဲ ထိန်းတွေ တွဲ နံပါတ်တွေ များ တပ်တာမျိုး ဖြစ်၊ မ ဖြစ် တစ်ချက်ဝေ့ကြည့်ပြီး ခပ်လှမ်းလှမ်းရှိ ကုန်တင်နေတဲ့ အခြေအနေကိုပါ အကဲခတ်လိုက် တယ်။ အနေအထားအရ အားလုံး အဆင်ပြေနေတယ်။ စက်ခေါင်းလည်း တွဲ ဆိုင်းနဲ့ ချိတ်ဆက်ထားပြီမို့ စက်ခေါင်းအကူ မီးထိုးလေးနဲ့ တွဲ စစ်တို့ စက်ခေါင်းဆီကနေ နောက်တွဲ တွေ ဆီ လျှောက်လာတာ မြင်ရပြီ။

သူ ကျေနပ်သွားတယ်။ ဘာမှ အဖုအထစ် မရှိတော့ဘူးလေ။ သည်ရထား သေချာပေါက် အချိန်မှန် ထွက်မှာ ပဲ။ နေ့စဉ်ပြုနေကျ အလုပ်တစ်ခုရဲ့ ထူးမခြားနားကိစ္စ

ဖြစ်ပေမယ့် ကတိမ်းကပါး အတိမ်းအစောင်း အ ဖြစ်မခံနိုင်ဘူး။ ရထားတစ်စင်း အချိန်မှန် ထွက်ခွာခြင်းနဲ့ အချိန်မှန် ဆိုက်ရောက်ခြင်းဟာ ခရီးသည်အားလုံးရဲ့ လိုအင်ဆန္ဒပဲ။ ဒါကို နိုင်တဲ့ အတိုင်းအတာအထိ အားစိုက်ရမယ်လို့ ခံယူထားတယ်လေ။

*

သူ စကြံသံဆန်ခါထဲကနေ ရုံးခန်းဆီ ပြန်လာတော့ စုံတွဲ လေးဆီ အကြည့်ရောက်သွားသေး တယ်။ နေရာလေးမှာ ကွက်လပ် ဖြစ်သွားပြီ။ မရှိတော့ဘူး။ ရထားပေါ် ရောက်သွားကြပြီ ထင်ပါရဲ့ ။

ဘယ်သူက ဘယ်သူ့ကို လိုက်ပို့တာလဲဆိုတဲ့ ပဟေဠိလေးကို မှန်အောင်ဖြေဖို့တောင် ခက်သွားပြီလား မသိ။

နောက်တစ်ခေါက် သံဆန်ခါအတွင် းထဲ ပြန်ဝင်ပြီး စုံတွဲ လေးကို ရှာကြည့်ရ ကောင်းမလား ဆိုတဲ့ အူကြောင်ကြောင်အတွေ း ရောက်လာလို့ မသိမသာ ပြုံး မိသွားတယ်။

“ငါ့နှယ် . . . ဒါမျိုး တွေ့ရပေါင်းများ လို့ ရိုးနေတာ၊ အခုမှ အသစ်အဆန်းလုပ်လို့”

ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက် ပြီး ရုံးခန်းထဲ ပြန်ဝင်တော့ ဖုန်း (၃) လုံးက တိုင်ပင်ထား သလို မြည် နေပြီ။ ဖုန်းတွေ လက်ခံစကားပြော၊ ညထွက်မယ့်ရထားတွေ ရဲ့ တွဲ စစ်ဆေးမှု အခြေအနေတွေ ကို တွဲ ပြင်ရုံ လှမ်းမေး၊ တွဲ အရန်ထဲက ဖြည့်စွက်ချိတ်ရမယ့်တွဲ တွေ ရွေးပြီး တွဲ စီ ယာဒ်ဝင်းကို အကြောင်းကြားနဲ့ အလုပ်ကလေး ယာယီရှုပ်သွားချိန်မှာ စောစောက စုံတွဲ လေးလည်း သူ့အာရုံမှာ မရှိတော့။

“ဆရာ ဖတ် (စ) ဘဲလ် ပေးဖို့ နီးပြီ”

တပည့် ဖြစ်တဲ့ ဘူတာလုလင်လေး အကြောင်းကြားလာတာကြောင့် တွဲ ပျက်စာရင်းနဲ့ ဖြည့်စွက်စာရင်းကို စစ်ဆေးရကနေ ရှေ့နံရံရှိ နာရီကိုရော လက်မှာ ပတ်ထားတဲ့

နာရီကိုပါ ကြည့်မိ တယ်။ (၂) နာရီ (၅၃) မိနစ် ရှိပြီ။ (၂) နာရီ (၅၅) မိနစ်မှာ ရထားထွက်ခွာရန် (၅) မိနစ် ဆိုတဲ့ သတိပေးမီးနဲ့ သူတို့အခေါ် ဖတ်(စ)ဘဲလ်ကို မီးခလုတ် ချိုးပေးရဦးမယ်။ သူ ထိုင်ရာက ထ၊ သံဆန်ခါအတွင်း ၊ အချက်ပေးမီးခလုတ်များ ထားရာဆီ ခြေလှမ်းသွက်သွက် လှမ်းလိုက်တယ်။

မီးအချက်ပေး ခလုတ်ဆီရောက်ပြီး နာရီကြည့်တော့ (၂) နာရီ (၅၅) မိနစ်မို့ "ဒင်း . . . ဒေါင်၊ ဒင်း . . . ဒေါင်" မြည် တဲ့ မီးခလုတ်ကို ချိုးပေးလိုက် တယ်။

ရထားထွက်ရန် (၅) မိနစ် မီးက မှိန်လိုက်၊ လင်းလိုက် အချက်ပြနေသလို ဘဲလ်သံကလည်း စကြံ့ (၁) တစ်လျှောက် ကျယ်ကျယ်လောင်လောင် မြည် သွားတယ်။ စကြံ့မှာ လိုက်ပို့သူ တွေ နဲ့ အပြန်အလှန် နှုတ်ဆက်နေတဲ့ ခရီးသည်တွေ လည်း ရထားတွဲ ပေါ် တက်ကုန်ကြပြီ။

ဟောဗျာ . . . အချက်ပေးဘဲလ်ကို အာရုံစိုက်နေတာနဲ့ စုံတွဲ လေးကို မမြင်မိဘူး။ သူတို့က အချက်ပေးမီးခလုတ်ခုံလေးရဲ့ ရှေ့တည့်တည့် အထက်တန်းတွဲ (၂) ရှေ့မှာ ပဲ။

ကောင်မလေးက ကောင်လေးခါးကို အတင်းဖက်ထား၊ ကောင်လေးက ကောင်မလေးပခုံး ကို သိုင်းဖက်ထား၊ ရထားပေါ်ရှိသူတွေ ကလည်း ပြတင်းပေါက်တွေ ကနေ ခေါင်းတွေ ပြူထွက်ပြီး ကိုရီးယားရုပ်ရှင်ရိုက်ကွင်း ကြည့်နေသည့်အလား။ သူတို့စုံတွဲ ကတော့ ဘယ်သူ့ကိုမှ ဂရုမပြုအား။

(၁) မိနစ် . . . (၂) မိနစ် . . . (၃) မိနစ် . . . (၄) မိနစ်။

သူတို့စုံတွဲ လေး လက်ကလေးတွေ ဖြေလျှော့သွားတယ်။ ကောင်လေးက ကောင်မလေး ပခုံးကို စုံပုတ်ပြီး ချာခနဲလှည့်ထွက်၊ တွဲ ပေါ်တက်သွားပုံက တကယ့်ကို ရုပ်ရှင်ထဲက အတိုင်းပဲ။ အတွဲ လိုက်လေးက မြင်ကွင်းထဲက ထွက်သွားပေမယ့် သူ ကောင်လေးကို တစ်လှည့်၊ ကောင်မလေးကို တစ်လှည့် ကြည့်နေမိသေးတယ်။

"ရှီး . . . ရှီး . . . ရှီး"

ဂါတ်မိုလ်ကြီးရဲ့ ဝီစီသံ စူးခနဲကြားမှ သူ ရထားထွက်ခွာဖို့ မီးစိမ်းခလုတ်ပေးဖို့နဲ့ "ရထား ထွက်ပြီ" ဆိုတဲ့ စက်ကင်းဘဲလ်ခလုတ်ပေးဖို့ သတိရသွားတယ်။

မီးနီလေး စိမ်းသွားပြီ၊ "ရထားထွက်ပြီ" မီးဝါတန်းလေး လင်းလိုက်၊ ပျောက်လိုက် ပေါ်လာ ပြီ။ ဒင်းဒေါင် . . . ဒင်းဒေါင်လည်း စီဝေသွားပြီ။ စက်ခေါင်းဥသြသံလည်း ဟိန်းထွက်သွားပြီ။ ရထားကြီးလည်း ဘီးလိမ့် သွားပါပြီ။ သူ ကောင်လေးနဲ့ ကောင်မလေးကို ထပ်ကြည့်မိသေးတယ်။ သူတို့နှစ် ယောက် လုံး မမြင်ရတဲ့အချိန်ထိ လက်ကလေးတွေ ပြလို့။ ရထားကြီး စကြ်လွန်သွားတော့ လိုက်ပို့သူတွေ နဲ့အတူ သူလည်း ရုံးခန်းပြန်ဖို့ ဂိတ်ဝမှာ ရပ်စောင့်နေချိန် . . .

"ဒါပဲနော်၊ ဖုန်း ခဏခဏ ဆက်၊ အိမ်ရောက်ရင် မီးတော့ အခန်းတံခါးပိတ် ငိုရဦးမယ်၊ အင်းပေါ့ . . . လွမ်းတာပေါ့၊ အခုတောင် ငိုချင်နေပြီ"

အသံခွဲ့ခွဲ့လေး အနားမှာ ကပ်ပြောနေတာမို့ အမှတ်တမဲ့ လှည့်ကြည့်မိတယ်။ စပို့ရှပ်အဝါ၊ ဘောင်းဘီကျပ်ကျပ်နဲ့ ကျန်ရစ်ခဲ့သူ ကောင်မလေး။ သူ့ရင်ထဲ ထိထိခိုက်ခိုက် ဖြစ်လောက်အောင် ချစ်တတ်လိုက်ကြတာ။ လက်ကိုင်ဖုန်းနဲ့တောင် အလွမ်းစကားတွေ ခြွေနေကြသေးရဲ့ ။

*

အင်း . . . ပထမဆုံး လုပ်ရမယ့်အလုပ်က သည်ဖုန်းနံပါတ်ကို reject လုပ်ဖို့ပဲ။ လိုင်းမိ သလောက် ဖုန်းဆက်လွမ်းပြနေဦးမယ်။ အံမယ် . . . မေ့တော့မလို့ ပိုက်ဆံအိတ်ထဲက puff နဲ့ မျက်ရည်စတွေ ဖျက်ဦးမှ၊ တစ်ယောက် တော့ လစ်ပြီ၊ နည်းနည်း လောက် ကြွေပြလိုက်တာနဲ့ ရင်ဘတ်ထိကုန်ရော။

စောင့်နေတဲ့ တစ်ယောက် ဆီ ဖုန်းဆက်ဦးမှ အံမယ် . . . အံမယ် ring tune က "ကံဇာတာ ရယ် တစ်ခါလောက်တော့ အလှည့်တော့ပေးပါနော်၊ အချစ်ဆုံး မင်း

ဆုတောင်းလိုက်ပါ . . .” သေလိုက်။

“စောင့်နေတာ ကြာပြီလား၊ အခု လာပြီကွာ၊ သူငယ်ချင်း တစ်ယောက် မွန္တလေးပြန်တာ ဘူတာလိုက်ပို့နေလို့၊ အိုး . . . မိန်းကလေး သူငယ်ချင်းပေါ့၊ နေဦး . . . နေဦး၊ ဖုန်းမပိတ်လိုက်နဲ့ဦး I love you extremely”

*

ဝှူး . . . အခုမှ လွတ်လပ်သွားတယ်၊ ပလက်ဖောင်းပေါ်မှာ ဖွတ်ဖက်ထားတော့ ရှက်တာနဲ့ သူ့ပခုံးပေါ် ခေါင်းတင်ထားတာ၊ သူ ကတော့ မခွဲနိုင်၊ မခွာနိုင် ဖြစ်နေပြီ ထင်မှာ ၊ အဟား . . . ရယ်ရ တယ်။

ဒါပဲလေ . . . နည်းနည်း လေး ကြွေပြလိုက်တာနဲ့ ရင်ဘတ်ထိကုန်ရော အို . . . မေ့တော့ မလို့၊ သူ့နံပါတ် reject လုပ်ထားဦးမှ။ တော် ကြာ မပြီးနိုင် မစီးနိုင် လွမ်းပြနေရင် အာရုံနောက်ဦး မယ်။ မွန္တလေးကို ဖုန်းခေါ်ဦးမှ။

“အင်း . . . ပြန်လာပြီ၊ လွမ်းလွန်လွန်းလို့ သေတော့မယ်။ ရထားဆိုက်တာနဲ့ လာတွေ့မယ်။ ခါတိုင်းဆုံတဲ့နေရာမှာ စောင့်၊ နေဦး၊ ဖုန်းမပိတ်လိုက်နဲ့ဦး I love you extremely”

*

သူ တာဝန်ချိန် ကုန်ဆုံးပြီး ဘူတာကနေ အိမ်ပြန်ရောက်တော့ သည်နေ့ ဘူတာမှာ တွေ့ခဲ့တဲ့ စုံတွဲ လေးအကြောင်း ဇနီးသည်ကို ပြောမယ်ပေါ့လေ။

ကိုရီးယားကားမှာ နစ်မြောနေတဲ့ ဇနီးသည်က ပခုံးပေါ်တင်လိုက်တဲ့ သူ့လက်ကို

အသာ ပုတ်ချတယ်။ တီဗွီစကရင်ကနေ တစ်စက္ကန့်လေးလောက် လွတ်သွားမှာ ကို စိုးရိမ်နေတယ် ထင်ပါရဲ့။ ဇနီးသည်တင် မဟုတ်ပါ။ အပျိုပေါက်သမီးကလည်း တီဗွီကို ကြည့်နေတာများ မျက်လုံးက အရောင် တွေ တောင် ထွက်လို့။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ တီဗွီဇာတ်လမ်းမှာ မင်းသားလေးနဲ့ မင်းသမီးလေးက ရထားကြီး ဘေး စကြံပေါ်မှာ တစ်ယောက် နဲ့ တစ်ယောက် လွတ်ထွက်သွားမှာ ကို စိုးရိမ်စိတ်တွေ နဲ့ ဖက်ထား လိုက်ကြတာလေ။

ဇီဝကမဂ္ဂဇင်း၊ မေလ၊ ၂၀၁၃။

*